The Agribiz News
ကျေးလက် စီးပွား သတင်း
www.agribiznews.com.mm
e-Paper-0055
၂၀၂၆ ခုနှစ် မေ ၁ ရက်



# အခြေခံပညာနှင့်စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်း ဆရာဆရာမများအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး အထူးပြု ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

နေပြည်တော်၊ ဧပြီ၂၇

အခြေခံပညာနှင့်စက်မှု၊စိုက်ပျိုး၊မွေးမြူရေး အထက်တန်းကျောင်းများတွင် Grade-10, Grade-11 , Grade-12 သင်ကြားရေး တာဝန်ယူကြမည့် ဆရာဆရာမများအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး အထူးပြု ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က အမှာစကားပြောကြားရာ၌ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်း အမြစ်များ ရရှိစေရေး အတွက် အခြေခံပညာ အလယ်တန်းအဆင့် (Grade - 6, 7, 8, 9) အတန်းများ ကပင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများ ရရှိလာစေရန် နိုင်ငံတော်အစိုးရ ၏ လမ်းညွှန်ချက်အရ သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိလာသည့် ပညာရပ်ဆိုင်ရာဗဟုသုတများအပေါ်မူတည်၍ ရွေးချယ်လာသော စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များကို Grade-10, Grade-11 , Grade-12 အဆင့်တွင် ဆက်လက်သင်ယူပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့တွင် တက်ရောက်သင်ယူ ကာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊

စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအရေးပါသော လူ့စွမ်းအား အရင်းအမြစ်များကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးကြမည့် ဆရာ ဆရာမများအနေဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်ကြရာတွင် မိမိတို့တစ်ဦးချင်း၏ အခက်အခဲများရှိနိုင်သကဲ့သို့ အခြေခံပညာသင်ယူဆဲလူငယ်များအား စာတွေ့လက်တွေ့သင်ကြားပေးရာ၌ သင်ကြားရေး ဆိုင်ရာ အခက် အခဲများကိုလည်းကြုံတွေ့နိုင်ကြောင်း၊ မည်သည့်အခက်အခဲကို ရင်ဆိုင်ကျော်ဖြတ်ရသည်ဖြစ်စေ မိမိတို့၏ တပည့်များ ထူးချွန်

စာ-၂ သို့

တောင်ကိုရီးယားတွင် ဂေါ်ဖီထုပ်ဈေး ၄၀ ရာနှုန်းကျဆင်း.....
စာ–၆

ဝင်ငွေတိုးရန် အပင်နှင့်တိရစ္ဆာန်တွဲဖက်မွေးမြူပါ..
စာ–၈

မျက်နှာဖုံးမှ-

ထက်မြက်ရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာ(၃)နာကို အခြေခံထားပြီး ဆရာစိတ်ဓာတ်မွေးမြူကာ မိမိတို့ တတ်မြောက်ထားသည့် အတတ်ပညာ၊ လေ့လာခဲ့သော အတွေ့အကြုံ ဗဟုသုတများကို အခြေ ခံပြီး တပည့်ကျောင်းသား၊ ကျောင်းသူများအား အကောင်းဆုံး လေ့ကျင့် ပြုစု ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဖွင့်လှစ်သည့် ယခု သင်တန်းသည် စတုတ္ထ အကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးပြုဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းသား သင်တန်းသူ(၃၈၁)ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် ၊ သရက်ကွင်း ကျေးရွာ အနီး၌ အသစ်တည်ဆောက်လျက်ရှိသည့် ဆင်သေရေလှောင်ဆည်တည်ဆောက်ရေး စီမံကိန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဘဏ္ဍာရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဦးစားပေး လုပ်ငန်းအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု နှင့် ရေဝပ်ဧရိယာအတွင်းကျရောက်သည့် လယ်မြေများ၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင် ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က ၂၀၂၇ ခုနှစ် မိုးရာသီအမီ လုပ်ငန်းများ ပြီးစီးရေး ၊ လုပ်ငန်းအဆင့်တိုင်းတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးစစ်ဆေးကြပ်မတ် ဆောင်ရွက်ရန် ၊ ပုံစံ(၇)ရှိပြီး လယ်မြေများအတွက် လယ်မြေများစနစ်တကျဖော်ထုတ်ပေးခြင်း ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေယာအသုံးချမှုကို တည်ဆဲဥပဒေများနှင့် အညီလိုက်နာဆောင်ရွက်ရေး အသိပညာပေးခြင်းကို အုပ်ချုပ်ရေးအဖွဲ့များနှင့်သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ(ပျဉ်းမနား) ရှိ မျိုးစေ့စမ်းသပ်စိုက်ပျိုးကွင်း ၌ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ က ဆောင်ရွက် လျက်ရှိသော တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ရန် အပင်အရွယ်အစားထိန်းချုပ်ခြင်း နည်းလမ်းများ အသုံးပြု၍ ရွှေတောင်-၁၀ နှင့် RAKA 666 ဝါမျိုး(၂)မျိုး စမ်းသပ်စိုက်ပျိုးထားမှုကို ကွင်းဆင်းစစ်ဆေး ရာ တာဝန်ရှိသူများက ဝါသီးနှံ ကို ခေါင်နှိမ်ခြင်း နည်းနှင့် အပင်အာဟာရများအသုံးပြု၍ အပင်ကြီးထွားမှုထိန်းချုပ်ခြင်း နည်းပညာ တို့ဖြင့် ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှုစရိတ်၊ ဝါအထွက်နှုန်း နှင့် အကျိုးအမြတ်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က အကြိမ်ကြိမ်ဝါဆွတ် ဝါကောက်ခြင်းနှင့် တစ်ကြိမ်တည်းအပြီး ဝါကောက်သိမ်းခြင်းတွင် ဝါအထွက်နှုန်းနှင့် အကျိုးအမြတ်တူနိုင်သော်လည်း ဝါစိုက်ပျိုး ဆွတ်ခူးချိန်ကာလတိုခြင်း၊ တစ်ကောအထွက်နှုန်း ကို တစ်ကြိမ်တည်းဖြင့် အမှန်ရရှိ စေနိုင်ခြင်း၊ လုပ်သားရှားပါးမှု အခက်အခဲကို တောင်သူများကျော်လွှားနိုင်ခြင်း စသည့် အကျိုး ကျေးဇူးများရရှိမည်ဖြစ်၍ စနစ်တကျစမ်းသပ် ဆောင်ရွက်ပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် တောင်သူနည်းပညာပေးလုပ်ငန်းများ ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်သွားရန် နှင့် အနာဂတ်ကာလ တွင် စက်ဖြင့် ဝါသိမ်းဆည်းခြင်းလုပ်ငန်း တွင်ကျယ်စွာဆောင်ရွက်နိုင်ရေး မျှော်မှန်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

# ဘယ်လာရုစ်နိုင်ငံက မြန်မာ့သရက်သီးနှင့် ထွက်ကုန်များ တင်သွင်းရန် စိတ်ဝင်စား

**မြန်**မာနိုင်ငံ သရက်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်း၏ အဆိုအရ ဘယ်လာရုစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာ့သရက်ထွက်ကုန်များကို ဝယ်ယူရန် ကမ်းလှမ်းချက်များ ပြုလုပ်ထားသည်ဟု သိရသည်။

ဘယ်လာရုစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် ထုတ်လုပ်သော စိန်တလုံး၊ မချစ်စု၊ ရွှေဟင်္သာနှင့် ပတ္တမြားငမောက် စသည့်သရက်မျိုးကောင်းများ အပါအဝင် သရက်သီးအမျိုးမျိုးကို ဝယ်ယူရန် အဆိုပြုထားသည်။

ဘယ်လာရုစ်နိုင်ငံသည် သရက်သီးလတ်လတ်ဆတ်ဆတ်ကိုသာ စိတ်ဝင်စားသည် မဟုတ် ဘဲ သရက်ခြောက်နှင့် သရက်ဖျော်ရည်ပျစ်ကိုလည်း စိတ်ဝင်စားကြောင်း ဖော်ပြထားပါသည်။ ၎င်းတို့၏ နိုင်ငံတော်အဆင့် လမ်းညွှန်ချက်များနှင့်အညီ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ မျှဝေပေးရန် တောင်းဆိုထားပါ သည်။ အလားတူစွာ တရုတ်နိုင်ငံသို့ တင်ပို့ရာ တွင် GACC စံနှုန်းများနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ထို့ကြောင့် ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့မှု အတွက် လိုအပ်သော စံနှုန်းများဆိုင်ရာ အချက်အလက်များကို တောင်းဆိုထားပြီး ၎င်းစံနှုန်းများနှင့်အညီ ထုတ်လုပ်မှု အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည်။ ကျွန်ုပ်တို့ဘက် တွင် တင်ပို့ရန် လုံလောက်သော ကုန်ကြမ်းများ ရှိပြီးဖြစ်ပါသည်။ လိုအပ်သည်မှာ ၎င်းတို့ဘက်မှ သက်ဆိုင်ရာ နည်းပညာများဖြစ်ပါသည်။ သရက်ခြောက်အတွက် အခြောက်ခံစက် များသုံး၍ စက်ဖြင့်အခြောက်ခံသည့် နည်းလမ်းနှင့် ရိုးရာနေပူလှန်း အခြောက်ခံသည့် နည်း လမ်းဟူ၍ ရှိပါသည်။

သရက်ဖျော်ရည်ပျစ်အတွက်လည်း တာရှည်ခံပစ္စည်းများ သုံးစွဲခြင်း ရှိ/မရှိပေါ်မူတည်၍ ကွဲပြားမှုများရှိပါသည်။ လက်ရှိတွင် ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့၏ လမ်းညွှန်ချက်များနှင့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များကို စောင့်ဆိုင်းနေသည်ဖြစ်ကြောင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါသည်။

ယခင်နှစ်သရက်သီးတင်ပို့ရာသီအတွင်း စိန်တလုံး၊ မချစ်စု၊ ရွှေဟင်္သာနှင့် ပတ္တမြား ငမောက် သရက်မျိုးများမှ သရက်ဖျော်ရည်ကိုလည်း ပြုပြင်ထုတ်လုပ်၊ စည်သွတ်ပြီး အေးခဲ ကာ တရုတ်၊ ရုရှားနှင့် စင်ကာပူ အပါအဝင် နိုင်ငံအများအပြားသို့ စမ်းသပ်တင်ပို့ခဲ့ရာ ထိုနိုင်ငံ များတွင် ဈေးကောင်း ရရှိခဲ့ကြောင်းသိရှိရပါသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/belarus-keen-on-importing-myanmar-mangoes-and-products/#article-title



Agribiz News www.agribiznews.com.mm သတင်း

agribiznews.com.mm

တာဝန်ခံအယ်ဒီတာ - ထွန်းသက်ပိုင်
အယ်ဒီတာအဖွဲ့ဝင်များ - ကျော်သူနိုင်၊ ကိုရင်အောင်မိုး၊ ထက်ဝေအောင်(စစ်ကိုင်း)
ထုတ်ဝေသူ - ဒေါက်တာအောင်ဇံထွေး(မြဲ-၀၀၄၁၀)
လိပ်စာ - ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၁၀၁၄၂

# ၂၀၂၄ ခုနှစ် မေ လပတ်အတွက်
# မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ၁၃ ရက်နေ့မှ ၁၈ရက်နေ့အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသ များသို့လည်းကောင်း၊ မေ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ် ဒေသများသို့လည်းကောင်း၊ မေ ၂၅ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ လည်းကောင်း၊ မေ ၃၁ ရက်နေ့မှ ဇွန် ၅ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ၂ ကြိမ်ဖြစ်ပေါ်နိုင်ပြီး ၁ ကြိမ် တွင်ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင် မုတ်သုံလေသည် အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်း နိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ ပျမ်းမျှ အပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

### မြစ်ရေအခြေအနေ

၂၀၂၄ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၇ ပေမှ ၁၂ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင် သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၇ ပေခန့်၊ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခန့်၊ ရွှေစာရံနှင့်မြစ်ငယ်မြို့တို့တွင် ၄ ပေမှ ၅ ပေခန့်၊စစ်တောင်းမြစ်ရေ သည်တောင်ငူမြို့နှင့် မဒေါက်မြို့ တို့တွင် ၂ပေမှ ၃ ပေခန့် ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူ မြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၅ ပေခန့်၊သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်၊ သာပေါင်းမြို့နှင့်ပုသိမ်မြို့တို့တွင် ၂ပေခန့်စီ၊တိုးမြစ်ရေသည် မအူပင်မြို့တွင်၃ပေခန့်နှင့် ဘီးလင်းမြစ် ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

---

# ရာသီဥတုနှင့်စစ်ပွဲ စိန်ခေါ်မှုများကြောင့် အိန္ဒိယကြက်သွန်နီတင်ပို့မှု နှစ်ဆကျဆင်းလျက်ရှိ



**မတ်**တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကြက်သွန်နီ အရည်အသွေးများ ကျဆင်းခြင်း၊ စစ်ပွဲကြောင့် ပင်လယ်ကွေ့ဒေသသို့ တင်ပို့သည့် ကုန်စည်ပို့ဆောင်ခများ ၅ ဆ မြင့်တက်လာခြင်းကြောင့် အိန္ဒိယ၏ ကြက်သွန်နီတင်ပို့မှုမှာ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုများ ရပ်တန့်နေပြီး အစိုးရ၏ ကြားဝင်စေ့စပ်ပေးမှုများသည် မကြာမီအတွင်း တည်ငြိမ်လာနိုင်ကြောင်း နာရှစ်မြို့ရှိ Matoshree Fresh Foods ၏ ပူးတွဲတည် ထောင်သူ Kiran Gandurde က ပြောကြားခဲ့ပါသည်။ ရာသီဥတုကြောင့် ကြက်သွန်နီ အရည်အသွေး များအပေါ် ထိခိုက်မှု ရှိနိုင်သောကြောင့် ကြက်သွန်နီတင်ပို့ရာတွင် အခက်အခဲ အနည်းငယ်ရှိနိုင် သည့်အတွက် တင်သွင်းသူများ အနေဖြင့် စိတ်အနှောင့်အယှက်မဖြစ်စေရန် အဆင့်သတ်မှတ်ချက်များကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

မေလတွင် ရိတ်သိမ်းမည့် ပန်းရောင် Garwa ကြက်သွန်နီမျိုးများသည် ပြီးခဲ့သည့်လတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကြောင့် အဆိုးရွားဆုံး ခံခဲ့ရသည်။ နာရှစ်မြို့မှ ကြက်သွန်နီ အထွက်နှုန်းသည် ပြီးခဲ့သည့်နှစ်ထက် ၂-၅ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း Solapur နှင့် Pune တို့မှ ပြန်လည်ဖြည့်ဆည်းပေးခဲ့သည့် အတွက် စုစုပေါင်းအထွက်နှုန်းမှာ ညီမျှစေခဲ့ပါသည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်၌ အရည်အ သွေး နိမ့်သော ကြက်သွန်နီများနှင့် ပြည့်နှက်နေပြီး တောင်သူများနှင့် ကုန်သည်များအနေဖြင့် အရည်အသွေးကောင်းသော ကုန်စည်များကို သိုလှောင်ထားပြီး နောင် တွင် ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိလာနိုင်မည်ဟု ခန့်မှန်းထားကြောင်း Kiran က ပြောကြားခဲ့ပါသည်။

ဈေးကွက်သို့ ကြက်သွန်နီအဝင်များ မြင့်တက်လာပြီး ပို့ကုန်အဆင့်ရှိသော ကြက်သွန်နီ ဈေးနှုန်းများမှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၁- သုညဒသမ ၁၆ သာရှိပြီး ရိတ်သိမ်းချိန်အတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ကျဆင်းလျက်ရှိသည်။ ၎င်းသည် Maharashtra ပြည်နယ်မှ ကြက်သွန်နီအထွက်သည် Rajasthan နှင့် West Bengal ပြည်နယ်မှ ကြက်သွန်နီ အထွက်ထက် ကျော်လွန်သည့်အချိန်တွင် ဖြစ်တတ်သည့် ဈေးနှုန်း ကျဆင်းခြင်း၏ ပုံမှန်အခြေအနေတစ်ခု ဖြစ်ပါသည်။ ဖြေ နှောင်းပိုင်းတွင် မိုးရွာသွန်းမှု သတိပေးချက်များကြောင့် မရိတ်သိမ်းရသေးသော ကြက်သွန်နီများ ပုပ်ပွပျက်စီးကာ ဈေးကွက်တွင် အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းအများ အပြား ဝင်ရောက်လာနိုင်ပါသည်။

အာရှဒေသများသို့ အခက်အခဲမရှိဘဲ ဆက်လက်တင်ပို့နိုင်ဆဲဖြစ်ကြောင်း Kiran က ပြောကြားခဲ့ပါသည်။ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံသို့ အပတ်စဉ် ကုန်စည်တင်ပို့မှုမှာ ပုံမှန် ဖြစ်နေသော်လည်း အိုမန်၊ ကာတာ၊ ဆော်ဒီအာရေးဗီးယား၊ ဘာရိန်းနှင့် ဒူဘိုင်း ကဲ့သို့သော ပင်လယ်ကွေ့ဒေသများသို့ ကုန်စည်တင်ပို့မှုမှာ အီရန်-အမေရိကန် ပဋိပက္ခကြောင့် အကြီးအကျယ်ထိခိုက်ပျက်စီးနေဆဲဖြစ်ပြီး Jebel Ali port သို့ ကွန်တိန်နာခနှုန်းထားများသည် အမေရိကန် ဒေါ်လာ

စာ-၅ သို့




# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် ဓါတ်မြေဩဇာများတိုက်ရိုက်ဖြန့်ဖြူးရောင်းချ

နေပြည်တော်၊ ဧပြီ ၁၉

နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တို့ ပေါင်းစပ်၍ နွေစပါးစိုက်ပျိုးသည့် တောင်သူများ သွင်းအားစု ဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာအသုံးပြုနိုင်စေရန် နှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါး ထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော နေပြည်တော် ကောင်စီနယ်မြေရှိ ကျေးရွာများသို့ ပုလဲဓာတ်မြေဩဇာ တစ်အိတ်လျှင် ကျပ်တစ်သိန်းငါးရာနှုန်း လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင် အရောက် တိုက်ရိုက် ဖြန့်ဖြူးရောင်းချပေးခြင်းကို ဧပြီ ၁၉ ရက်နေ့ နံနက်ပိုင်း တွင် နေပြည်တော်၊လယ်ဝေးမြို့နယ်၊ခရမ်းကိုင်းကျေးရွာ စိုက်ပျိုးရေးနည်းပညာ ပေးစင်တာ ၌ ကျင်းပရာ ဓာတ်မြေဩဇာဝယ်ယူနေကြသည့် နွေစပါးစိုက် တောင်သူများအား ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင် တို့က တွေ့ဆုံအားပေးစကားပြောကြားကြသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က တောင်သူများ အနေဖြင့် သွင်းအားစု ဓာတ်မြေဩဇာများသုံးစွဲရာတွင် အလေအလွင့် မဖြစ်ပေါ်စေရေးနှင့် သီးနှံသက်တမ်းအလိုက် ထည့်သွင်းရမည့် ပမာဏ၊ ထည့်သွင်းနည်းစနစ်များ အတိုင်း သွင်းအားစုများအား မှန်မှန်ကန်ကန်အသုံးပြုပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေး ၊ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးသာမက ပြည်ပသို့ ဆန်တင်ပို့မှုမြှင့်တင်နိုင်ရေး ကြိုးပမ်းကြရန် နှင့် ကမ္ဘာ့အဝှမ်း လက်ရှိဖြစ်ပေါ်နေသော သွင်းအားစု လိုအပ်ချက် အခက်အခဲများကြားမှ နိုင်ငံတော်က နွေစပါးစိုက်တောင်သူများအတွက် အထူးကြိုးပမ်းပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်၍ အလွဲသုံးစား မဖြစ်စေဘဲ အကျိုးရှိထိရောက်စွာ အသုံးပြုကြရန် တိုက်တွန်းအားပေး ပြောကြားသည်။

ဆက်လက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တောင်သူများအတွက် လိုအပ်သည့် သွင်းအားစု ဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး ဆက်လက်စီမံဆောင်ရွက်ပေးမည့် အခြေအနေနှင့် တောင်သူများ ဝင်ငွေတိုးပွားရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် တောင်သူများ၏ နွေစပါးစိုက်ခင်းများအတွက် စိုက်ပျိုးရေအချိန်ကိုက်ရရှိရေး နှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင် တို့သည် မြန်မာ့ဩဘာ ကောမက် G-46 ပုလဲဓာတ်မြေဩဇာ တစ်အိတ်လျှင် ကျပ်တစ်သိန်း ငါးရာကျပ်နှုန်းဖြင့် စိုက်ဧကအလိုက် လိုအပ်ချက်ပေါ်မူတည်၍ ရောင်းချပေးနေမှုကို ကြည့်ရှု အားပေးကြသည်။

ဧပြီ ၁၉ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ကျေးရွာ ၆ ရွာ၌ ဓာတ်မြေဩဇာများရောင်းချပေးလျက်ရှိပြီး တိုင်းဒေသကြီး ပြည်နယ်များအတွင်း လက်ရှိ စိုက်ပျိုး လျက်ရှိသော နွေစပါးစိုက်ဧကများ မှ ထွန်ယက်စိုက်ပျိုးရန် ကျန်ရှိသည့်ဧရိယာ၏ ဓာတ်မြေ ဩဇာလိုအပ်ချက် ၃၀ ရာခိုင်နှုန်းကို ပထမအသုတ်အဖြစ် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစိစစ်ထားသော ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ကျန်ဧရိယာများအတွက်ကိုလည်း အသုံးပြုရမည့် ကာလအမီ ၂ ကြိမ်ခွဲ ရောင်းချပေးခြင်းဖြင့် ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

# စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ဝင်းအတွင်း ဆောက်လုပ်မည့်အဆောက်အဦများအတွက် လျာထားနေရာရွေးချယ်

နေပြည်တော် ၊ ဧပြီ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် သည် ဧပြီ ၂၆ ရက်နေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) သို့ ရောက်ရှိပြီး ပါမောက္ခချုပ် နှင့် ဆရာ ဆရာမများ အား တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်း သင်ကြားခဲ့မှုနှင့် ဒုတိယနှစ်ဝက်သင်တန်း ဆက်လက်ဖွင့်လှစ်သင်ကြားမည့် အခြေအနေများ၊ သင်ကြားရေးအထောက်အကူပြု လက်တွေ့ခန်းများအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းရန် စီမံထားရှိမှု အခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) အတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ ဆောက်လုပ်နိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာ နှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျောင်းသား/ကျောင်းသူအိပ်ဆောင်၊ ထမင်းစားဆောင်များ ဆောက်လုပ်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် စာသင်ဆောင်၊ အရာထမ်း/ အမှုထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် လျာထားမြေနေရာများ၏ မြေပြင်အခြေအနေများ ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက အရည်အသွေးပြည့်ဝသော စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေး၊ သတ်မှတ်ဘာသာရပ်များအား စနစ်တကျ သင်ကြားပေးရန်၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ အချိန်မီဝယ်ယူဖြည့်တင်းသွားရန်၊ တာဝန်ယူဆောက်လုပ်သော ကုမ္ပဏီနှင့် အရည်အသွေး စစ်ဆေးရေးကုမ္ပဏီများအနေဖြင့် အဆောက်အဦ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်၊ တည် ဆောက်ရေးသုံး ပစ္စည်းများ မိုးမကျမီ ကြိုတင်စုဆောင်းထားရှိရန်၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ စက်ယန္တရားများ အသုံးပြုရာတွင် စက်သုံးဆီလုံလောက်စွာရရှိနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မိုးရာသီ ကျောင်းဧရိယာအတွင်း ရေဝပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် လာမည့် ပညာသင်နှစ် တက်ရောက်မည့် ကျောင်းသား/ကျောင်းသူများ ထားရှိနိုင်ရေး ပြီးစီးသင့်သည်များ အချိန် မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် အသေးစိတ် ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးမှူးများနှင့် တွေ့ဆုံ၍ မအူပင်မြို့အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ရေတိုရေရှည်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များအားလည်းကောင်း၊ ဒေသအတွင်း စားရေရိက္ခာဖူလုံရေးအတွက် အထွက်နှုန်းတိုးတက်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ထွန်ယက်စိုက်ပျိုးရာတွင် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေး၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စေရေး စသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) ကျောင်းဝင်းအတွင်းရှိ ကျောင်းသား/ကျောင်းသူဆောင်၊ ထမင်းစားဆောင်၊ စာသင်ဆောင်နှင့် အရာထမ်း/ အမှုထမ်းအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ထားမှု အခြေအနေများအား လည်းကောင်း၊ ကျောင်းသား/ကျောင်းသူ နှစ်ထပ်အိပ်ဆောင်နှင့် ထမင်းစားဆောင် ဆောက်လုပ်နေမှု အခြေအနေများအားလည်းကောင်း၊ မအူပင်မြို့ ရေစီးရေလာကောင်းမွန်စေရေး အပိုင်း(၁) လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဒီဇိုင်းပုံစံများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး တာမိုင်(၁၂)မိုင်နှင့် (၁၃)မိုင်အကြား ဆောင်ရွက်လျက်ရှိသော ဂန်ချောင်းဖြတ်တာ အလျား ၂၃၀၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား ခဲ့ကြောင်း သိရသည်။ ဂန်ချောင်းဖြတ်တာသည် ညောင်တုန်းကျွန်းတာတွင် ပါဝင်သော ဖြတ်တာတစ်ခုဖြစ်ပြီး ညောင်တုန်းကျွန်းတာအနေဖြင့် အလျား ၃၂ မိုင်ခန့် ရှိရာ ရေဘေးကာကွယ်ရေးဧရိယာ ၁၀၅၂၂၁ ဧကဖြင့် ဒေသခံပြည်သူများ၏ လယ်ယာမြေများအား မိုးရာသီကာလ မြစ်ရေကြီးချိန်တွင် ရေဘေးအန္တရာယ်ကျရောက်ပြီး ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးလျက်ရှိသော တာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

MOALI

စာ-၃ မှ

၂၁၅၀ မှ ၈၆၀၀-၉၇၀၀ အထိ ခုန်တက်သွားခဲ့ပါသည်။

မိုးရွာသွန်းခြင်းမရှိလျှင် လယ်ယာထွက်ကုန် ဈေးနှုန်းများမှာ အနည်းငယ်မျှသာ မြင့်တက်လာနိုင်ဖွယ်ရှိပါသည်။ ပြီးခဲ့သည့်နှစ်တွင်လည်း အဆိုပါအတိုင်း တစ်ပုံစံတည်းဖြစ်ပြီး အစိုးရအေဂျင်စီ များမှ စတင်ဝင်ရောက်စွက်ဖက်ပြီးချိန်တွင် ဈေးနှုန်းများမှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၇- သုညဒသမ ၂၂ အထိ မြင့်တက်လာခဲ့ပါသည်။ Nashik ရှိ ကုန်သည်များအနေဖြင့် မေလလယ် လောက်တွင် အစိုးရအေဂျင်စီများမှ ဈေးနှုန်းများ ထိန်းချုပ်ရန် ဈေးကွက်ဈေးနှုန်းထက် ၅၀ ရာခိုင်နှုန်း ပိုပေးပြီးဝယ်ယူမည့်အစီအစဉ်ကို မျှော်မှန်း၍ အရည်အ သွေးကောင်းမွန်သော ကြက်သွန်နီများကို သိုလှောင်ထားကြပါသည်။ အစိုးရအနေဖြင့် ထိုသို့ဝယ်ယူခြင်းသည် တင်ပို့ရန် မဟုတ်ဘဲ ပြည်တွင်း ဈေးကွက်ကို ထိန်းညှိရန်အတွက်သာ ဖြစ်ပါသည်။

လက်ရှိတွင် ပို့ကုန်လုပ်ငန်းရှင်အသစ်များအနေဖြင့် ကုန်သွယ်မှုများမပြုလုပ်ကြသေးဘဲ ပုံမှန် ပို့ကုန်လုပ်ငန်းရှင်များသာ ပင်လယ်ကွေ့ဒေသပို့ကုန်တင်ပို့မှုစိန်ခေါ်မှုများနှင့် ရာသီဥတုဒဏ်များကို ရင်ဆိုင်ကျော်လွှားကာ တင်ပို့လျက်ရှိကြပါသည်။ ပုံမှန်အားဖြင့် ဧပြီလနောက်ပိုင်းတွင် အစိုးရမှဝင် ရောက်ဆောင်ရွက်ပေးပြီးနောက်တွင် ဈေးနှုန်းများ ပိုမိုခိုင်မာလာသည့်အတွက် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သက်သာရာရကြောင်း သိရှိရသည်။

နွေးနွေးအောင်

https://www.freshplaza.com/asia/article/9830459/indian-onion-exports-face-double-whammy-from-weather-and-war-challenges/

■



# ၃၃ ကြိမ်မြောက်မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးကျင်းပ သီးနှံမျိုးသစ်မျိုးဖျား ၆၄ မျိုးအသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးဆောင်ရွက်

နေပြည်တော်၊ ဧပြီ၂၈

**မျိုး**စေ့ဆိုင်ရာအမျိုးသားကော်မတီ ၏ ၃၃ ကြိမ်မြောက် အစည်းအဝေး ကို ဧပြီ ၂၈ ရက် နေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင်များ၊ ပညာရှင်များ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်း က ဆွေးနွေးပြောကြားရာ၌ စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် မျိုးစေ့ကဏ္ဍသည် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံး မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံစေရန်၊ ပြည်တွင်းဆီဖူလုံရေး အတွက် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရန်နှင့် သွင်းကုန် အစားထိုးပြီး ပို့ကုန် တိုးမြှင့်ရန် အတွက် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှား ရောဂါနှင့် ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးကောင်း မျိုးသန့်များကို တောင်သူများ သုံးစွဲနိုင်စေရန် မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မျိုးစေ့ အရည်အသွေး ထိန်းချုပ်မှုကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊

ပြည်တွင်းမျိုးစေ့ထုတ်လုပ်မှုတိုးမြှင့်ပြီး ပြည်ပမှမျိုးစေ့တင်သွင်းအသုံးပြုမှုလျှော့ချရေး အတွက် ပြည်တွင်း မျိုးစေ့ထုတ်လုပ်မှုများတွင် အရည်အသွေးပြည့်မီသည့် ဈေးကွက်ဝယ်လိုအားရှိပြီး သက်တမ်းတိုသီးနှံမျိုးစေ့များကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် မျိုးစေ့ထုတ်လုပ်ရေး သင်တန်းများပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ရန်လိုအပ်သည့် မြေနေရာရရှိရေးအတွက် မြေလွတ်၊မြေလပ် နှင့်မြေရိုင်းများ လျှောက်ထားအသုံးပြုခွင့်ပေးခြင်း ၊ မျိုးစေ့ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရန် လိုအပ်သည့် အခြေခံ အဆောက်အဦးများ တည်ဆောက်အသုံးပြုနိုင်ရန် စီမံဆက်စပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလားတူ MSME များနှင့် မျိုးစေ့ထုတ်လုပ်သူတောင်သူများအကြား ပေါင်းကူး ဆက်သွယ်နိုင်ရေး ဆောင်ရွက်ရာ၌ MSME များမှ လိုအပ်သည့် သီးနှံထွက်ကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် အရည်အသွေးနှင့်ကိုက်ညီသော သီးနှံ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပေးနိုင်သည့်ဝန်းကျင်ကောင်းများ ဖန်တီးခြင်းလုပ်ငန်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ထိန်းကျောင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊

မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် Seed Growers များအား နည်းမှန်လမ်းမှန် ဆောင်ရွက်ရန် လေ့ကျင့်ပေးပြီး အရင်းအနှီးရရှိရေးနှင့် စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့် ဖြစ်စေရေးအတွက် မျိုးစေ့အစု အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ် အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ ၃၂ ကြိမ်မြောက် ကော်မတီ အစည်းအဝေးအထိ လယ်ယာသီးနှံ ၇၆၂ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၉၈၄ မျိုး၊ စက်မှုသီးနှံ ၁၃၇ မျိုး နှင့် မိဘမျိုးလိုင်း ၂၅၂ စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၂၁၃၅ မျိုးကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ၃၃ ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှု ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီတို့က အဆင့်ဆင့် စိစစ်တင်ပြလာ သည့် အသိအမှတ်ပြုလက်မှတ်၏ သက်တမ်း ၁၀ နှစ်ပြည့် မြောက်၍ သက်တမ်းထပ်တိုးမည့် သီးနှံမျိုးဖျား ၁၄ မျိုး၊ မျိုး အသစ်အဖြစ် လျှောက်ထားလာသည့် လယ်ယာသီးနှံ ၃၀ မျိုး၊ စက်မှုသီးနှံ ၁ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၁၁ မျိုးနှင့် မိဘမျိုးလိုင်း ၁၂ စုံ၊ စုစုပေါင်း မျိုးသစ် မျိုးဖျား ၆၈ မျိုးတို့အပေါ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး သုံးသပ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

MOALI

# တောင်ကိုးရီးယားတွင် ဂေါ်ဖီထုပ် ရောင်းလိုအားများမှုကြောင့် ဈေးနှုန်း ၄၀ ရာခိုင်နှုန်း ကျဆင်း

**ကို**ရီးယားစိုက်ပျိုးရေးနှင့် ရေကြောင်းထွက်ကုန် ဖြန့်ဖြူးရေး အချက်အလက် (KAMIS) ၏ အချက်အလက်များအရ တောင်ကိုရီးယားနိုင်ငံရှိ ဂေါ်ဖီထုပ်ဈေးသည် တစ်နှစ်ထက်တစ်နှစ်ကျဆင်းခဲ့ရာ လက်ရှိအားဖြင့် ၄၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားကြောင်း သိရသည်။

ထုတ်ကုန်ပိုလျှံမှုက ဈေးကွက်ဖိအားကို ဖြစ်ပေါ်စေပြီး အချို့တောင်သူများသည် ၎င်းတို့၏ လယ်တွင် သီးနှံများကို စိုက်ခင်းတွင် ပြန်လည်ထည့်သွင်း ထွန်ယက်ခဲ့ကြသည်ဟု ဆိုသည်။

Yeongdeungpo စိုက်ပျိုးရေး သမဝါယမအသင်းချုပ်သည် ဧပြီ ၁၇ ရက်နေ့တွင် ဆိုးလ်ရှိ ၎င်း၏ ဌာနချုပ်တွင် စားသုံးမှုမြှင့်တင်ရေးပွဲကို ကျင်းပခဲ့သည်။ အဆိုပါအစီအစဉ်တွင် Jeju Hallim Agricultural Cooperative မှ ထုတ်လုပ်သော "Dalkomi Cabbage" အလုံးရေ ၁၀၀၀၀၀ ရောင်းချခြင်း ပါဝင်သည်။ ကမ်ပိန်းသည် ရောင်းလိုအားနှင့် ဝယ်လိုအား မညီမျှမှုများကို ဖြေရှင်းရန်နှင့် ဈေးနှုန်း ကျဆင်းမှုကြောင့် ထိခိုက်သည့် ထုတ်လုပ်သူများကို ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ ဝန်ထမ်းများနှင့် စီမံခန့်ခွဲသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် Hanaro Mart ၁၁ ဆိုင်နှင့် တွဲဖက်ဘဏ္ဍာရေးဆိုင်ခွဲ ၁၇ ခုတို့တွင် ဖြန့်ကျက်ထားသည်။

Jeju ၏ Hallim ဒေသတွင် ရိတ်သိမ်းထားသော ဂေါ်ဖီထုပ်များကို ဆိုးလ်မြို့သို့ သယ်ယူရာ တွင် စုစုပေါင်း ကုန်တင်ကား ၂၀၀ ဝန်းကျင်ရှိပြီး လက်လီနှင့် ဘဏ္ဍာရေး ဆိုင်ရာ ဌာနခွဲများထံ ထောက်ပံ့ပေးပါသည်။ ဖြန့်ဖြူးစဉ်အတွင်း ထုတ်ကုန်အခြေအနေကို ထိန်းသိမ်းရန် စနစ်တစ်ခုရေး ဆွဲထားပါသည်။ "Dalkomi Cabbage" သည် လေးနှစ်ကြာ စမ်းသပ်စိုက်ပျိုးပြီးနောက် Jeju Hallim Agricultural Cooperative မှ တီထွင်ထုတ်လုပ်ထားသော ဂေါ်ဖီထုပ်အသေးဖြစ်ပါသည်။ ယင်းတွင် သကြားပါဝင်မှု ၁၂ မှ ၁၄ Brix ပါဝင်ကြောင်း အစီရင်ခံထားသည်။

ကမ်ပိန်းကာလအတွင်း ထုတ်ကုန်ကို နှစ်ယူနစ်အတွက် ဝမ် ၁၀၀၀ (US$0.75) သို့မဟုတ် တစ်ယူနစ်လျှင် ၇၀၀ ဝမ် (US$0.52) ဝန်းကျင်ဖြင့် ရောင်းချပြီး တစ်ယူနစ်လျှင် ၁၉၈၀ ဝမ် (US$1.47) ဖြင့် ရောင်းချပါသည်။

စာ-၇ သို့

# လာအိုနိုင်ငံမှတစ်ဆင့် ထိုင်းဒူးရင်းသီးတင်သွင်းမှုအတွက် အအေးခန်းရထားကွင်းဆက် တရုတ်နိုင်ငံတိုးချဲ့

**လတ်**ဆတ်သော ထိုင်းဒူးရင်းသီးများကို သယ်ဆောင်လာသည့် တရုတ်-လာအို-ထိုင်း ရထားလမ်းအားလုံးပါဝင်သော အအေးခန်းကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုကို စတင်လိုက်ပြီဖြစ်ပြီး သစ်သီးဝလံများအတွက် နယ်စပ်ဖြတ်ကျော် သယ်ယူ ပို့ဆောင်ရေး စင်္ကြံအသစ်တစ်ခုကို ဖန်တီးပေးခဲ့သည်။ ဝန်ဆောင်မှုသည် ထိုင်းနိုင်ငံရှိ နောင်ခိုင်နှင့် လာအိုနိုင်ငံရှိ ဗီယင်ကျန်း တောင်ပိုင်း မှတစ်ဆင့် ပြေးဆွဲပြီး ယူနန်ပြည်နယ်ရှိ မိုဟန်ဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံ သို့ ဝင်ရောက် ပြီးနောက် ချန်ဒူးအပြည်ပြည်ဆိုင်ရာ ရထားလမ်းဆိပ်ကမ်းသို့ လမ်းကြောင်း ပြောင်းသွားမည်ဖြစ်သည်။

လမ်းကြောင်းသည် ထိုင်းနိုင်ငံရှိ Laem Chabang အထိ စတင်သည့်နေရာကို တိုးချဲ့ပြီး ထိုင်းနိုင်ငံအရှေ့ပိုင်းရှိ ဒူးရင်းစိုက်ပျိုးရေးဒေသများနှင့်တိုက်ရိုက် ချိတ်ဆက်ပေးသွားမည်ဖြစ် ပါသည်။

လတ်ဆတ်သော သစ်သီးဝလံများကို ဥယျာဉ်ခြံများမှ Laem Chabang သို့ ကားလမ်း ဖြင့် ငါးနာရီအတွင်း သယ်ယူပို့ဆောင်ပြီးနောက် ရထားလမ်းပေါ်သို့ တင်ဆောင်နိုင်မည် ဖြစ်သည်။

ပိတ်ထားသော အအေးခန်းကွင်းဆက်သည် တင်ခြင်းမှချခြင်းအထိ အပူချိန် ၁၃ ဒီဂရီ စင်တီဂရိတ်တွင် တည်ငြိမ်စွာ ထိန်းသိမ်းထားပေးသည်။

စက်မှုလုပ်ငန်းရင်းမြစ်များအရ သယ်ယူပို့ဆောင်ရေးစရိတ်၊ ပျက်စီးဆုံးရှုံးမှုစရိတ်နှင့် ကုန်ကျစရိတ်များသည် စုစုပေါင်းသွင်းကုန် ကုန်ကျစရိတ်၏ကြီးမားသော အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်နေပါသည်။

ရထားလမ်းအားလုံးပါဝင်သော ပုံစံသည် တိုက်ရိုက်ပို့ဆောင်မှု၊ သယ်ယူပို့ဆောင် ချိန် တိုတောင်းမှု၊ ဆုံး ရှုံး နိုင် ခြေ လျှော့ ချ မှု နှ င့် အလယ်အလတ် ကုန်ကျစရိတ်များ နည်းပါး စေပါသည်။

ဤဖွံ့ဖြိုးတိုးတက်မှုသည် အရှေ့တောင်အာရှ သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ တင်သွင်းမှုကို အထောက်အကူပြုပါသည်။

ချန်ဒူးအပြည်ပြည်ဆိုင်ရာ ရထားလမ်းဆိပ်ကမ်းမှတစ်ဆင့် သစ်သီးဝလံ တင်သွင်း မှုတန်ဖိုးသည် ယွမ်သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉ သန်းကျော်) ကျော်လွန်ခဲ့သည်။

ယူနန်ဆိပ်ကမ်းများမှတစ်ဆင့် ဒူးရင်းတင်သွင်းမှုသည် ယခုနှစ် ပထမနှစ်လ အတွင်း ယွမ် ၂ ဒသမ ၀၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈၅ သန်း) ရှိခဲ့ပြီး ယခင်နှစ်ထက် ၃၅၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။

Tianbao အကောက်ခွန်ဌာနသည် တူညီသောကာလအတွင်း အာ



ဆီယံနိုင်ငံ များမှ ဒူးရင်းသီးတန်ချိန် ၁၀,၀၀၀ ကျော်အပါအဝင် သစ်သီးတင်သွင်းမှု ၁၄,၀၀၀ တန်ကို ကိုင်တွယ် ဆောင်ရွက်ခဲ့သည်။

နယ်စပ်ဆိပ်ကမ်းများတွင် အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်များ တိုးတက်လာခြင်းကြောင့် သွင်းကုန်များကို ပံ့ပိုးပေးခဲ့ပါသည်။

ရထားလမ်းပုံစံကို နောက်ထပ်ကုန်းတွင်းပိုင်းမြို့များသို့ တိုးချဲ့ရန် မျှော်မှန်းထားပြီး သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်၊ ထောက်ပံ့ရေးကွင်းဆက်နှင့် ဖြန့်ဖြူးရေးတို့အပေါ် သက်ရောက်မှုများ ရှိလာမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် အဓိကသစ်သီးဝလံစားသုံးမှု ဈေးကွက်တစ်ခုအဖြစ် ရှိနေဆဲဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ထောက်ပံ့ပို့ဆောင်ရေးနှင့် စားသုံးသူ သုံးစွဲမှု မြင့်တက်လာခြင်းကြောင့် ဝယ်လိုအား မြင့်တက်လာကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မာင်**

https://www.freshplaza.com/asia/article/9825401/china-expands-rail-cold-chain-for-thai-durian-imports-via-laos/

စာ-၆ မှ

Yeongdeungpo စိုက်ပျိုးရေးသမဝါယမအသင်းဥက္ကဋ္ဌ Baekho က ထုတ်ကုန်ရောင်းချသည့် စိုက်ပျိုးရေး သမဝါယမတစ်ခုအနေဖြင့် စားသုံးမှုကို ကြိုတင်မြှင့်တင်ပြီး mountain agricultural co-operatives များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ Yeongdeungpo Agricultural Cooperative သည် ကောင်းမွန်သော လယ်ယာထွက်ကုန်များကို တက်ကြွစွာမြှင့်တင်ပြီး mountain agricultural cooperatives များနှင့် မြို့ပြစိုက်ပျိုးရေးသမဝါယမများကို ချိတ်ဆက်ပေးသည့် 'လယ်ယာထွက်ကုန်များဖြန့်ဖြူးမှု ပလက်ဖောင်း'၏ အခန်းကဏ္ဍကို အားကောင်းစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9830447/south-korean-cabbage-prices-fall-40-due-to-oversupply/



# ဖိလစ်ပိုင် ဘန်ဂက်ပြည်နယ်၏ ဟင်းသီးဟင်းရွက် ပိုလျှံမှုကို လျှော့ချရန် ထရပ်ကားများစေလွှတ်

**ဘန်**ဂက်ပြည်နယ်တွင် ဟင်းသီးဟင်းရွက်များ ပိုလျှံသည့် သတင်းများထွက်ပေါ်လာပြီးနောက် ဖိလစ်ပိုင် စိုက်ပျိုးရေးဌာနသည် ဟင်းသီးဟင်းရွက်များ သယ်ယူပို့ဆောင်ရန် ထရပ်ကား ၁၈ စီး စေလွှတ်ခဲ့သည်။

စိုက်ပျိုးရေးဝန်ကြီး Francisco P. Tiu Laurel Jr. က Agribusiness and Marketing Assistance Service အောက်ရှိ KADIWA အစီအစဉ်အပါအဝင် ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့ များသည် Benguet ခြံများကို Metro Manila ရှိ ဈေးများနှင့် ချိတ်ဆက်ရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ ယာဉ်စုတွင် ဌာနပိုင် ထရပ်ကားများ၊ ဒေသဆိုင်ရာများနှင့် သမဝါယမများသို့ တာဝန်ပေးအပ်ထားသောယာဉ်များ ပါဝင်ပြီး ဖြန့်ဖြူးမှုကို ပံ့ပိုးရန်အတွက် လောင်စာဆီ ကုန်ကျစရိတ်များကို ကျခံပေးမည် ဖြစ်သည်။

ထိုပြဿနာသည် ပြီးခဲ့သောအပတ်က ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဒေသဆိုင်ရာ ဒါရိုက်တာ များနှင့် ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့များကို ချက်ချင်းလုပ်ဆောင်ရန် ညွှန်ကြားခဲ့ကြောင်း၊ ၎င်း တို့၏ ရည်မှန်းချက်သည် ဟင်းသီးဟင်းရွက်ပိုလျှံမှုများကို ကာကွယ်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘန်ဂက်တွင် ဟင်းသီးဟင်းရွက်များ ပိုလျှံမှုကြောင့် ဈေးကွက်ဝင်ရောက်ခွင့်ကို ထိခိုက်ခဲ့ပြီး ကုန်သည်များသည် လောင်စာဆီဈေးနှုန်းများကြောင့် ဟင်းသီးဟင်းရွက်များ ဝယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ယင်းကြောင့် ပုံမှန်ဈေးကွက် ဝယ်လိုအားအပေါ် မှီခိုနေရသော စိုက်ပျိုးသူများအတွက် ရောင်း ချ မှု လ မ်း ကြော င်း များ ကို ကန့်သတ်ထားသည်။

ယင်းအခြေအနေအတွက် ရေရှည်

စာ-၉ သို့


စပါးခင်းထဲတွင် ဘဲများထည့်၍ တွဲဖက်စိုက်ပျိုးမွေးမြူထားရှိပုံ

# သင့်ဝင်ငွေ တိုးတက်စေရန်
# အပင်နှင့်တိရစ္ဆာန် တွဲဖက်စိုက်ပျိုးမွေးမြူပါ

## ထီလာမြေ(မွေး/သု)

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ အာဟာရဖူလုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတွင် လယ်ယာ စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုအပိုင်းသည် အချက်အချာကျသော အခန်းကဏ္ဍ ဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းသည် စိုက်ပျိုးထုတ်ကုန်များ အာဟာရနှင့် အရည် အသွေးပြည့်မီမှု၊ ထုတ်လုပ်မှု စွမ်းအားတိုးမြှင့်မှု၊ ထုတ်လုပ်သော တောင်သူများအတွက် သွင်းအားစု အနည်းဆုံးနှင့် အကျိုးအမြတ်အများ ဆုံးရရှိမှုသည် အဓိကကျသည်။ နှစ်စဉ်ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်မှု ပိုမိုမြင့်မားလာပြီး မြန်မာနိုင်ငံတွင်လည်း လူဦးရေပိုမိုတိုးပွားလာ၍ စားသုံးသူများပိုမို တိုးပွားလာခြင်းကြောင့် မြန်မာ့စားနပ်ရိက္ခာ လိုအပ်မှုမြင့်တက်လာခြင်း၊ မြို့ပြလူနေထိုင်မှု (မြို့ပြဧရိယာ) များလာခြင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စိုက်ပျိုး မြေဧကများလျော့နည်းလာခြင်း စသည့်တို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားကျဆင်းခြင်းသည် စားနပ်ရိက္ခာ ဖူလုံမှုကို အဟန့်အတားတစ်ခုဖြစ်စေပါသည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် မြေဧရိယာ တစ်ခုတည်းဖြင့် စိုက်ပျိုးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်လိုအပ်လာသည့်အပြင် တစ်နေရာ၊တစ်ချိန်တည်းဖြင့် နှစ်မျိုးထက်ပိုသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးသည် အရေးပါသော အချက်ဖြစ်လာပါသည်။သမားရိုးကျစိုက်ပျိုးခြင်းထက် ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းသည် ကမ္ဘာ့အနှံ့၌ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာကြသည်။ ဘက်စုံစိုက်ပျိုး မွေးမြူခြင်း၏ အကျိုးကျေးဇူးသည် အချိန်တစ်ယူနစ်တွင် နှစ်မျိုးထက်ပိုသော ထုတ်ကုန်များကို ထုတ်လုပ်စွမ်းဆောင်နိုင် ခြင်း၊ တစ်မျိုးနှင့်တစ်မျိုး အပြန်အလှန် အကျိုးပြုခြင်း၊ ပြင်ပသွင်းအားစုများ သိသိသာသာလျော့ချနိုင်ခြင်း၊ ရင်းနှီးမှုအနည်းဆုံးဖြင့် အကျိုးအမြတ်အများဆုံးရရှိလာနိုင်ခြင်း စသည်တို့ ပါဝင်သည်။

ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီး၌ သက်ရှိသက်မဲ့အရာအားလုံးသည် တစ်ဦးနှင့်တစ်ဦး အပြန် အလှန် အကျိုးပြုရင်း မှီတင်းနေထိုင်လျက် ရှိကြပါသည်။ ယခုအခါတွင် လူသားတို့၏ နေထိုင်မှုစနစ် များကြောင့် သဘာဝဂေဟစနစ်များအပေါ် အကျိုးသက်ရောက်မှုများ ရှိ၍ တစ်စတစ်စ ချို့ယွင်းလာ ရသည်ကို တွေ့ရှိရပါသည်။ သဘာဝဂေဟစနစ်ချို့ယွင်းလာမှုသည် လူသားတို့အပေါ်တွင်သာမက သက်ရှိသက်မဲ့အရာအားလုံးကိုပါ ထိခိုက်နစ်နာစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လုပ်ဆောင်ရမည့်ကဏ္ဍအလိုက် သဘာဝဂေဟစနစ်ကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်လျက်ရှိပါသည်။

ကမ္ဘာကြီးပူနွေးလာခြင်းသည် လေထုထဲရှိ ဖန်လုံအိမ်အာနိသင်ကို သက်ရောက်မှုဖြစ်စေသော ဓာတ်ငွေ့မြင့်တတ်လာခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါဓာတ်ငွေ့များ ပမာဏများလာလျှင် ကမ္ဘာ့ အပူချိန်မြင့်တက်လာရုံမျှမက အဆမတန်မြင့်မားလာသော အပူချိန်ကြောင့် အပူလှိုင်းများဖြစ်ကာ လူသားတို့ ဦးနှောက်သွေးကြောပြတ်ခြင်း၊ အပူရှပ်ခြင်း၊ သက်ကြီးရွယ်အိုများ အပူဒဏ်ကြောင့်သေဆုံး ခြင်း၊ အပူချိန်မြင့်၍ သီးနှံများစိုက်ပျိုး၍မရခြင်း၊ မြေအောက်ရေများကျဆင်းလာကာ ရေရှားပါးလာ ခြင်း၊ မိုးခေါင်ခြင်း၊ အက်စစ်မိုးများရွာ၍ သီးနှံများ ပျက်စီးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်မြင့်မားလာမှု ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ခြင်း၊ ပင်လယ်မှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူမှုများလာသောအခါ ပင်လယ်ရေတွင် အယ်ကာလိုင်းဓာတ်(အငန်ဓာတ်) ပိုလာသဖြင့် ရေနေ သက်ရှိများ(ငါးအပါအဝင် ရေညှိ ရေမှော်များ) ပျက်စီးကာ မျိုးသုန်းခြင်း၊ အပူချိန်မြင့်၍ ရေခဲတောင်များ၊ ရေခဲမြစ်များ အရည်ပျော်ကျခြင်းကြောင့် ပင်လယ်ရေမြင့်တက်လာကာ ရေကြီးရေလျှံခြင်း၊ ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့များသည် အိုဇုန်းလွှာကို ပျက်စီးစေကာ အိုဇုန်းလွှာပါးလာသောကြောင့် အရေပြားကင်ဆာများ၊ မျက်စိတိမ်စွဲခြင်းများ ဖြစ်လာခြင်း စသောဆိုးကျိုးများစွာကို အကျိုးဆက် ဖြစ်စေပါသည်။

ဖန်လုံအိမ်ဓာတ်ငွေ့များစွာရှိသည့်အနက်မှ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ နိုက်ထရိုက် အောက်ဆိုဒ်တို့ကို တိုင်းတာခြင်းသည် ကမ္ဘာကြီးပူနွေးလာမှု အလားအလာရှိမှုကို ဖော်ပြသော သိသာ ထင်ရှားသော နည်းလမ်းများဖြစ်ပါသည်။ မီသိန်းဓာတ်ငွေ့သည် အရေးကြီးသော ဖန်လုံအိမ်ဓာတ်ငွေ့ ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထက် (infrared absorption capacity) ၂၅ ဆ ပို၍ရှိနေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း လေထုထဲတွင် မီသိန်းဓာတ်ငွေ့ပြင်းအား ၁ ဒသမ ၅၀ ppm မှ ၁ ဒသမ ၇၂ ppm ထိ တိုးတက်လာပြီး ကမ္ဘာကြီးပူနွေးလာမှုအပေါ် ၅ ရာခိုင်နှုန်း အထိ သက်ရောက်သည်ကို လေ့လာဆန်းစစ်ချက် အစီရင်ခံစာများအရ သိရှိရပါသည်။

ထို့အပြင် စပါးစိုက်ခင်းထဲမှ မီသိန်းဓာတ်ငွေ့ထုတ်လုပ်ခြင်းပမာဏသည် လေထုထဲတွင် ထုတ်လုပ်သော မီသိန်းဓာတ်ငွေ့ပမာဏ၏ ၁၀ မှ ၂၀ ရာခိုင်နှုန်း အထိရှိပါသည်။ ထို့ကြောင့် သုတေသန ပညာရှင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေး စနစ်များအနက် မည်သည့်စနစ်သည် ကမ္ဘာကြီးပူနွေး လာမှုကိုဖြစ်

စာ-၉ သို့



ဘဲနှင့်စပါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်းဖြင့် ဂေဟစနစ်ကို တစ်ဖက်တစ်လမ်းမှ အကျိုးကျေးဇူးရှိပုံ

စာ-၈ မှ

စေသော မီသိန်းဓာတ် ငွေ့ထုတ်လုပ်ခြင်းကို လျှော့နည်းစေရန် အလားအလာရှိသည်ကို သိရှိနိုင်ရန်အတွက် နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်လျက်ရှိပါသည်။

ထိုကဲ့သို့သောနည်းလမ်းကောင်းများထဲတွင် စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူခြင်း သည် စီးပွားရေးအရသော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကိုသော်လည်းကောင်း၊ ဂေဟစနစ် ကိုလည်းကောင်း များစွာအကျိုးကျေးဇူးရှိစေသည်ကို သုတေသနစာတမ်းများအရ တွေ့ရှိရပါသည်။ ထို့အပြင် စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူခြင်းနည်းစနစ်ကို အာရှနိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ် အစရှိသည့်နိုင်ငံများတွင် များစွာအသုံးပြုလျက် ရှိသည်ကို တွေ့ရှိရပါသည်။

စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူခြင်းတွင် ဘဲများကို စပါးခင်းထဲ၌ လွှတ်ကြောင်း ခြင်းအားဖြင့် စပါးခင်းတွင် ကျရောက်တတ်သော ပိုးမွှားများ၊ ပေါင်းများ၊ မြေတွင်းအောင်း ပေါင်းမျိုးစေ့များနှင့် ရွှေခရုကျရောက်ဖျက်စီးခြင်းစသည့် ပြဿနာအမျိုးမျိုးတို့ကိုထိထိရောက် ရောက် ကာကွယ်နှိမ်နှင်းနိုင်သည်။ ထို့ပြင်စပါးသီးနှံအတွက် ဓာတုမြေဩဇာများ ထည့်သွင်းရန်မလိုအပ်သည့်အတွက် ဓာတ်မြေဩဇာသွင်းအားစု ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည်။ ဘဲများ ပင်ကြားတန်းကြားထဲ၌ အစာဝင်ရောက်ရှာဖွေခြင်းကြောင့်လည်း သမန်းနှီးပေးသည့် အပြင် ကြားပေါင်း ပေါက်ရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်သည့်အတွက် ကြားပေါင်းလိုက်ခြင်း၊ သမန်းနှီးခြင်း စသည့်လုပ်ငန်းအတွက် လုပ်အားခနှင့်အချိန်ကို လျှော့ချပေးနိုင်ပါသည်။ ဘဲမွေးမြူရေးမှ ဘဲချေးသည် စပါးပင်အတွက် အာဟာရဓာတ်မြေဩဇာကိုရရှိသည့်အပြင် မြေဆီလွှာပျက်စီးမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကာကွယ်ထိန်းသိမ်းပေးခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ အသားဓာတ်ရရှိမှု ဖူလုံစေရန် အတွက် ဘဲမွေးမြူရေးကိုလည်း တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်မွေးမြူသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် စပါးနှင့်ဘဲပေါင်းစည်းစိုက်ပျိုးမွေးမြူခြင်းသည် တောင်သူများအတွက် ကုန်ကျစရိတ် သက်သာစေပြီး သဘာဝအခြေခံသော စိုက်ပျိုးမွေးမြူခြင်း နည်းလမ်းကောင်းတစ်ခု ဖြစ်လာ နိုင်ပါသည်။ သို့ဖြစ်၍ စားနပ်ရိက္ခာဖူလုံရန်နှင့် လူနေမှုဘဝတိုးတက်လာရန်အတွက် စပါးသီးနှံစိုက်ပျိုး ထုတ်လုပ်သည့်အပြင် သီးနှံစိုက်ပျိုးရေးနှင့်တွဲဖက်၍ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းသည် ဝင်ငွေအကျိုးအမြတ် ပိုမိုမြင့်မားစေသည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲစေမည့် စိုက်ပျိုးမွေးမြူရေးစနစ်ကောင်းကို ဖော်ဆောင်နိုင်ပါသည်။ ထို့အပြင် လုပ်ကွက်ငယ်တောင်သူများအတွက် သွင်းအားစုအနည်းငယ် (ကုန်ကျစရိတ် အနည်းငယ်) ဖြင့်ဆောင်ရွက်နိုင်သောနည်းစနစ်တစ်ခု ဖြစ်ပါသည်။

စပါးသီးသန့်စိုက်ပျိုးခြင်းနှင့်တွဲဖက်စိုက်ပျိုးမွေးမြူရေးတို့ကိုနှိုင်းယှဉ်ရာတွင် စပါးနှင့် တွဲဖက် စိုက်ပျိုးမွေးမြူသည့်ပုံစံသည် ၁၉ ဒသမ ၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ပိုမိုသော်လည်း ထွက်နှုန်းနှင့်အကျိုးအမြတ်သည် ၂၆ ဒသမ ၅ ရာခိုင်နှုန်း နှင့် ၃၁.၇ % အထိတိုးမြင့်လာ ကြောင်း တွေ့ ရှိ ခဲ့ ပါ သ ည် ။ တွဲဖက် စိုက်ပျိုးမွေးမြူရေးပုံစံသည် ဂေဟဗေဒနှင့်စီးပွားရေး အကျိုးအမြတ်အရ ပိုမိုအကျိုးရှိကြောင်း တွေ့ရှိခဲ့ပါသည် ။

စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူခြင်းတွင် ဘဲများသည် ၎င်းတို့၏ သဘာဝအမူ အကျင့်များအတိုင်း စပါးခင်းထဲတွင် လွတ်လပ်စွာနေထိုင်နိုင်ပြီး ကြိုက်နှစ်သက်ရာ အစာအာဟာရများကို စပါးစိုက်ခင်းထဲတွင် ရှာဖွေစားသောက်နိုင်သည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင်နှင့် ဗီယက်နမ် နိုင်ငံများ၌ စပါးစိုက်ခင်းထဲတွင် ဘဲထည့်မွေးမြူခြင်းဖြင့် ခရုကဲ့သို့သော စပါးကိုဖျက်ဆီးနိုင်သည့် ပိုးမွှားများအန္တရာယ်ကို ကာကွယ်နိုင်သည်ကို တွေ့ရှိရပါသည်။ စပါး-ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုး မွေးမြူပါက ရောဂါကို (၆၃ ဒသမ ၈ ရာခိုင်နှုန်း)၊ ပိုးမွှားကို(၇၆ ဒသမ ၁ ရာခိုင်နှုန်း)နှင့် ပေါင်းပင်များကို(၈၅ ဒသမ ၂ ရာခိုင်နှုန်း) အထိ ပိုမိုကာကွယ်နိုင်ကြောင်းကို သုတေသနစာတမ်းများအရ တွေ့ရှိရပါသည်။ စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုး မွေးမြူခြင်းစနစ်တွင် ဘဲများ၏ စပါးခင်းထဲတွင် လွတ်လပ်စွာ သွားလာမှုရလဒ်အနေဖြင့် ပျော်ဝင် အောက်ဆီဂျင်ပြင်းအား(Dissolved Oxygen Concentration) တိုးတက်လာခြင်း တို့ကြောင့် မီသိန်းဓာတ်ငွေ့ထုတ်လုပ်ခြင်းပမာဏသည် ကျဆင်း လာသည်ကိုလည်း သုတေသနစာတမ်းများအရ တွေ့ရှိရပါသည်။

ဘဲများကို စပါးခင်းထဲတွင်မွေးမြူခြင်းဖြင့် ပေါင်းပင်များ၊ စပါးကိုဖျက်ဆီးမည့်ခရု၊ ပိုးမွှားများ နှင့် အပင်ရောဂါဖြစ်ပွားမှုကို လျှော့ချစေနိုင်ခြင်း၊ မြေဆီလွှာဂုဏ်သတ္တိကောင်းမွန်လာခြင်းနှင့် စပါး အထွက်နှုန်းတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။ ထို့ကြောင့် စပါးစိုက်ပျိုးရေး အခန်းကဏ္ဍတွင် အကျိုးအမြတ်များစွာရရှိသကဲ့သို့ မွေးမြူရေးအခန်းကဏ္ဍတွင်လည်း အကျိုးအမြတ် များစွာ ရရှိစေရုံသာမက သဘာဝဂေဟစနစ်ကိုပါ ထိန်းသိမ်းရာရောက်သော အပင်နှင့်တိရစ္ဆာန် တွဲဖက်မွေးမြူရေးစနစ်ကို တိုးချဲ့ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ထီလာမြေ(မွေး/သု)**

# ၂၀၂၆ နှစ်ဦးမှစ၍ အမေရိကန် ဝက်သား တင်ပို့မှုကို တိုးတက်စေခဲ့သည့် အာရှဈေးကွက်များ

**အာ**ရှ၏ တိုးမြင့်လာသော ဝယ်လိုအားများကြောင့် အမေရိကန် ဝက်သား တင်ပို့မှု တိုးတက်လာပြီး၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံက တင်သွင်းမှု အများဆုံး ဖြစ်ခဲ့သည်။ USDA ၏ အချက်အလက်များကို ကိုးကား၍ US Meat Export Federation ၏ ထုတ်ပြန်ချက်အရ အာရှဈေးကွက်များက ၂၀၂၆ အစောပိုင်းမှစ၍ အမေရိကန် ဝက်သား တင်သွင်းမှုကို စတင်ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ဂျပန်သို့ အမေရိကန် ဝက်သား တင်ပို့မှုသည် ဖေဖော်ဝါရီလတွင် ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ခန့်မှန်းအားဖြင့် ၂၈,၀၀၀ မက်ထရစ်တန် ရောက်ရှိခဲ့ပြီး တင်ပို့တန်ဖိုးပမာဏလည်း ၁၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)တို့လည်း တစ်နှစ်ထက် တစ်နှစ် တင်ပို့ပမာဏများ တိုးလာခဲ့ပြီး အာရှဈေးကွက်၏ စုစုပေါင်း ဝယ်လိုအားကို မြင့်တင်ပေးခဲ့သည်။

ဇန်နဝါရီနှင့် ဖေဖော်ဝါရီအတွင်း အမေရိကန်၏ အာရှသို့ ဝက်သား တင်ပို့မှုသည် ပမာဏနှင့် တန်ဖိုး နှစ်ခုစလုံးတွင် ၂ ရာခိုင်နှုန်း တိုးလာခဲ့ပြီး စုစုပေါင်းပမာဏ ၄၉၃,၃၇၂ မက်ထရစ်တန်နှင့် တန်ဖိုး USD ၁ ဒသမ ၃၇ ဘီလီယံ သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

**TTP**

Asian-agribiz.com(23 April)



စာ-၇ မှ

အစီအမံများ လိုအပ်ကြောင်း Tiu Laurel က ပြော ကြားခဲ့သော်လည်း လက်ရှိပို့ဆောင်ရေးအစီအစဉ်သည် ရေတိုဖိအားများကို လျှော့ချ ရန် ရည်ရွယ်ကြောင်း ထောက်ပြခဲ့သည်။

ဌာနသည် အနာဂတ်တွင် ပိုလျှံမှုအတက်အကျများကို စီမံခန့်ခွဲရန်အတွက် သိုလှောင်မှု အခြေခံအဆောက်အအုံကိုလည်း တီထွင်နေပါသည်။ တန်ချိန် ၄၀၀၀ မှ ၅၀၀၀ နှင့်ညီမျှသော pallet နေရာ ၅၀၀၀ အထိ ထားရှိနိုင်သည့် Mega Cold Storage စက်ရုံတစ်ခုသည် လာမည့်နှစ်တွင် လည်ပတ် နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ကြားကာလစွမ်းရည်ကို ပေးစွမ်းနိုင်ရန် မော်ဂျူလာ သိုလှောင်ရုံ များကိုလည်း မိတ်ဆက်လျက်ရှိပါသည်။ ဤအဆောက်အအုံများသည် ပိုလျှံသောပမာဏများကို ယာယီသိုလှောင်ခွင့်ပြုရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုကို ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

Trinidad နှင့် အခြားအဓိကနေရာများမှ ထွက်ကုန်များကို Metro Manila ရှိ KADIWA ဆိုင်ခွဲများနှင့် အ ခြား မြို့ ပြ ဈေး ကွ က် များ သို့ ချိတ်ဆက်ရန် ဖြန့်ဖြူးရေးလုပ်ငန်းများကို တိုးချဲ့ လျက်ရှိသည်။

ဌာနသည် Baguio နှင့် La Trinidad တွင် ရုံးခွဲများ ဖွင့်လှစ်ထားပြီး Baguio စိုက်ပျိုးရေး ထွက်ကုန် ကုန်သွယ်ရေးစင်တာသည် ဒေသတွင်းဗဟိုချက်အဖြစ် လျက် ရှိသည်။

ယင်းအစီအမံများသည် ပိုလျှံမှုများ၊ လောင်စာဆီကုန်ကျစရိတ်၊ ထောက် ပံ့ပို့ဆောင်ရေး ကန့်သတ်ချက်များနှင့် ဆက်စပ်နေသော ထောက်ပံ့ရေးကွင်းဆက်စိန်ခေါ်မှုများကို ဖြေရှင်းပေး ကြောင်း သိရှိရပါသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9824939/philippines-deploys-trucks-to-ease-benguet-vegetable-oversupply/

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၄၆)

## တက္ကသိုလ်များ ဘာသာရပ်၊ ဌာနများ ပြင်ဆင်မွမ်းမံဖွဲ့စည်းမှု

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

## Restructuring and Reorganizing Different Subjects and Departments in some Universities

ဩစတေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေး နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေး (HE-Higher Education/Tertiary Education) နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေး (TVET-Technical & Vocational Education and Training) တို့ နှစ်စဉ် တိုးတက်ပြောင်းလဲလာမှုအပေါ်မူ တည်ပါသည်။ ပါမောက္ခ ဒင်နီယယ်တန် (Professor Daniel Tan) ၏ ဖိတ်ကြားမှုကြောင့် စာရေးသူ ဆစ်ဒနီတက္ကသိုလ် ခေတ္တရောက်ရှိနေစဉ် စိုက်ပျိုးရေးပညာ သင်ကြား၊ သုတေသန (Australian Agricultural Research and Education) ပြုနေမှုများကို အမိနိုင်ငံ အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

ယနေ့ခေတ် နိုင်ငံတကာတက္ကသိုလ်တွေမှာ ရုက္ခဗေဒ (Botany) နဲ့ သတ္တဗေဒ (Zoology) ဘာသာ၊ ဌာနများကို ပေါင်းပြီး ဇီဝသိပ္ပံများအဆင့်မြင့်ကျောင်း (School of Biological Sciences) သို့မဟုတ် သိပ္ပံမဟာဌာန (Faculty of Science) လို့ ပြန်စီမံ ခန့်ခွဲကြရခြင်း အကြောင်းရင်းများမှာ အကျဉ်းချုပ် ဆိုလျှင် ယနေ့ခေတ် ဇီဝသိပ္ပံပညာရပ် များသည် အလွန်အမင်း အပြန်အလှန် ဆက်နွယ်နေတဲ့ (interdisciplinary) သဘာဝရှိလာပြီး၊ သင်ကြားရေး–သုတေသန–ဘဏ္ဍာရေး အမြင်အရလည်း ပေါင်းစည်းစနစ်က ပိုပြီး ထိရောက် လာခြင်းကြောင့် ဖြစ်ပါသည်။

### (က) ယနေ့ခေတ် ဇီဝဗေဒ (Biology) သည် အပြန်အလှန်ဆက်နွယ်မှု များပြားလာခြင်း

ယခင်ကလို "အပင်" "တိရစ္ဆာန်" လို့ ခွဲထားရမယ့်အချိန် မဟုတ်တော့ပါ။ စိုက်ပျိုး မွေးမြူရေး အပါအဝင် ဂေဟဗေဒ (Ecology) မှာ အပင်–တိရစ္ဆာန် အပြန်အလှန် ဆက်နွယ်မှုတွေ ပါလာပါသည်။ ဥပမာ -မော်လီကျူးဆိုင်ရာဇီဝဗေဒ (Molecular Biology)၊ ဗီဇဗေဒ (Genetics)၊ ဆင့်ကဲဖြစ်စဉ် (Evolution)တွေက အပင်–တိရစ္ဆာန် မခွဲဘဲ အသုံးဝင် ပါသည်၊ အဏ္ဏဝါဗေဒ (Marine Biology)၊ အနုဇီဝဗေဒ (Microbiology)၊ ဇီဝဗေဒဆိုင်ရာ ထိမ်းသိမ်းရေး (Conservation Biology) စတဲ့ ဘာသာရပ်တွေကလည်း အပင်၊ တိရစ္ဆာန် သီးသန့်မခွဲခြားဘဲ ဇီဝသိပ္ပံအဆင့်မြင့်ကျောင်း (School of Biological Sciences) သို့မဟုတ် သက်ရှိသိပ္ပံအဆင့်မြင့်ကျောင်း (School of Life Sciences) ဟူ၍ ဘာသာကြီးတစ်ခုတည်း စီမံခန့်ခွဲတာကပိုပြီး (Make sense) လက်တွေ့ဆန်၊ သဘာဝ ကျလာပါသည်။



ဆစ်ဒနီတက္ကသိုလ်၊ သက်ရှိသိပ္ပံ အခန်းများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်၊ ရုက္ခ၊ သတ္တဗေဒများစုပေါင်းသင်ယူနေမှု

### (ခ) သင်တန်းသစ်စနစ်ပြုပြင်မှု (Curriculum Reform) နဲ့ ကျောင်းသား၊ ကျောင်းသူ ဘွဲ့ရများအလုပ်အကိုင်လမ်းကြောင်း

ယနေ့ခေတ် ဇီဝသိပ္ပံဘာသာရပ် သင်တန်းတွေက — ဓာတ်ခွဲခန်းကျွမ်းကျင်မှု (Lab Skills) အမျိုးမျိုး ပေါင်းစပ်သင်ကြားခြင်း၊ စူးစမ်း လေ့လာမှု အခြေခံသင်ကြားနည်းစနစ် (Inquiry-based Learning)၊ အချက်အလက်များ စိစစ်ဆေးခြင်း (Data Analysis)၊ ဘာသာရပ်ပေါင်းစုံ ပြဿနာဖြေရှင်းခြင်း (Cross-disciplinary Problem Solving) တို့ လိုအပ်လာပါသည်။

ရုက္ခဗေဒ (Botany)သတ္တဗေဒ (Zoology)လို့ သီးသန့်ဘာသာများ ခွဲထားလျှင် သင်တန်းတွေ ချိတ်ဆက်ရခက်သလို School of Biological Sciencesလို့ တစ်ခုတည်းလုပ်ထားပါက -သင်တန်းတွေ ပေါင်းစပ်ဖန်တီး သင်ကြား၊ သင်ယူရလွယ်ပါသည်။ ကျောင်းသားတွေ စိတ်ဝင်စားရာဘာသာရပ် အထူးပြုဘာသာရပ်များ (Specialization) ပြောင်းရွှေ့ သင်ယူရန် ပိုလွယ်လာပါသည်။ အခြေခံဘာသာရပ်များ (Foundation Courses) အတူတူ သင်ကြား၊ သင်ယူရန် ပိုသင့်တော် လာပါသည်။

စီမံခန့်ခွဲမှု (Administration) ကို ထိရောက်အောင်ဆောင်ရွက်လာနိုင်ခြင်း

တက္ကသိုလ် အများစုတွေမှာ-

- ဘဏ္ဍာရေး အခက်အခဲ၊ ဖိအား၊ ငွေကြေးသုံးစွဲမှု
- ဝန်ထမ်း၊ ဆရာ၊ ဆရာမ၊ အလုပ်သမား ခန့်ထားမှု
- ဓာတ်ခွဲခန်း၊ ပစ္စည်းကရိယာများ (Lab / equipment) ကို မျှဝေသုံးစွဲခြင်း

စသည့် အရာများကြောင့် ဌာနများစွာကို ပေါင်းစည်းပေးခြင်း၊ ဌာနတစ်ခုတည်းထားခြင်း၊ ပညာရှင်များ စုပေါင်းဆောင်ရွက်ခြင်းက ပိုထိရောက်ပါသည်။

ဥပမာ— ဩစတေးလျအမျိုးသားတက္ကသိုလ် (ANU - Australia National University) က ၂၀၂၄-၂၅ ခုနှစ် တက္ကသိုလ် ဖွဲ့စည်းပုံ ပြင်ဆင်ပေါင်းစည်းမှု (2024–2025 restructuring process) အစီအစဉ်မှာ ဌာနများစွာပေါင်းစည်းပေးမှုတွေကို အထူးအလေးပေးခဲ့ပါသည်။

သုတေသနအရင်းအမြစ်ရန်ပုံငွေ (Research Funding)များက ဘာသာရပ်အစုံ စုပေါင်း လေ့လာ ခြင်း (Interdisciplinary Approach)ကို ပိုနှစ်သက်၊ ဦးစားပေးလာပါသည်။

အစိုးရအပါအဝင် သုတေသနပေးသောအဖွဲ့အစည်း (Donors/ Funding bodies) တွေက

- အဖွဲ့ဘာသာရပ်အစုံရောနှောသုတေသနပြုမှု (Cross-disciplinary teams)
- ရာသီဥတုပြောင်းလဲခြင်း (Climate change)၊ ဇီဝမျိုးကွဲဆိုင်ရာကိစ္စ (Biodiversity)၊ ဂျီနုန်းမစ် (Genomics) စသည့် စုပေါင်းဆောင်ရွက်ရမည့် သုတေသနစီမံချက်များ (Theme-based projects) စသည်တို့ကို ပိုမိုထောက်ပံ့လာပါသည်။

သိပ္ပံလောကရဲ့ ယနေ့ခေတ်အမှန်အတိုင်း ကိုယ်စားပြုရန် ရုက္ခဗေဒ (Botany) သတ္တဗေဒ (Zoology) လို့ ခွဲခြားထားတာတွေက လွန်ခဲ့သော ၁၉ရာစု သင်ကြားရေးစနစ် အမြင်သာ ဖြစ်ပါသည်။ ယနေ့ခေတ်မှာ သိပ္ပံကို—

- စနစ် (Systems)
- လုပ်ငန်းစဉ်၊ ဖြစ်စဉ် (Processes)
- လက်ရှိဖြစ်ပေါ်နေသောပြဿနာများ (Current Problems) အလိုက် စီမံ ဆောင်ရွက် လေ့ရှိကြပါသည်။

| ယခင်ဌာန | ယနေ့ခေတ် Equivalent |
| --- | --- |
| ရုက္ခဗေဒ (Botany) | အပင်သိပ္ပံများ (Plant Sciences)၊ ပတ်ဝန်းကျင်သိပ္ပံ (Environmental Science)၊ ဂေဟဗေဒ (Ecology)၊ မော်လီ ကျူးဆိုင်ရာဇီဝဗေဒ (Molecular Biology) |
| သတ္တဗေဒ (Zoology) | တိရစ္ဆာန်ဇီဝဗေဒ (Animal Biology)၊ ဆင့်ကဲဖြစ်စဉ် (Evolution)၊ ထိန်းသိမ်းရေးဆိုင်ရာဇီဝဗေဒ (Conservation Biology)၊ ငါးလုပ်ငန်းပညာ (Fishery & Aquaculture)၊ အဏ္ဏဝါသိပ္ပံ (Marine Science) |

စာ-၁၁ သို့

စာ-၁၀ မှ

ဌာနအလိုက်ခွဲထားတဲ့ ဓာတ်ခွဲခန်းများ (Departmental Labs)
စုပေါင်းလုပ်ဆောင်သောဓာတ်ခွဲခန်းများ (Integrated research hubs)

**ဌာနပေါင်းစည်းမှုက ဘာသာရပ်အလုပ်အကိုင်တွေကို ဘယ်လိုသက်ရောက်သလဲ?**(Job Opportunity and Employability)

ဌာနပေါင်းစည်းမှု (Department Merging) ဟာ အလုပ်အကိုင်အပေါ် သက်ရောက်မှု အပြုသဘော နဲ့ အပြုသဘောမဟုတ်တဲ နှစ်မျိုးလုံးရှိနိုင်ပါသည်။

(က) အလုပ်အကိုင် ရရှိမှုပိုများလာခြင်း

နိုင်ငံတကာမှာ Botany/Zoology လို့ တိတိကျကျ ခွဲထားတဲ့ ဘွဲ့ရ (Graduates) တွေထက် ဇီဝသိပ္ပံဘွဲ့ရများ (Biological Sciences Graduate) ဆိုလျှင်-

- စိုက်ပျိုးမွေးမြူရေး (Agriculture)
- ဂေဟာဗေဒ (Ecology)
- ဗီဇဗေဒ (Genetics)
- မော်လီကျူးဆိုင်ရာဇီဝဗေဒ (Molecular biology)
- ပြုပြင်ထိန်းသိမ်းရေး (Conservation)
- ပတ်ဝန်းကျင်သိပ္ပံ (Environmental science)
- သစ်တောပညာ (Forestry)
- တောရိုင်းအပင်၊ တိရစ္ဆာန်များ လေ့လာသောသိပ္ပံ (Wildlife Science) စသည့်အလုပ်အကိုင်အခွင့်အရေး (Job market/Employment) အများကြီးကို ဝင်ရောက် လုပ်နိုင်ပါသည်။

**(ခ) ဘာသာရပ်စုံကျွမ်းကျင်မှု (Interdisciplinary Skill) ရှိခြင်း**

ဘာသာစုံကျွမ်းကျင်မှုတွေရှိလာလို့ အလုပ်ရှာရ ပိုလွယ်ပါသည်။ ယနေ့ခေတ် အလုပ် အကိုင် သဘော (job market) အရ အပင်သီးသန့် (Plant only)၊ တိရစ္ဆာန်သီးသန့် (Animal only) မလိုအပ်တော့ပါ။

အလုပ်ရှင်၊ အလုပ်ပေးမည့်သူများ (Employers) တွေက-

- အချက်အလက်ကိန်းဂဏန်းများစီစစ်ခြင်း (Data analysis)
- ဓာတ်ခွဲခန်းစနစ်များ (Lab techniques)
- ကွင်းလုပ်ငန်းဆိုင်ရာဂေဟာဗေဒ (Field ecology)
- မော်လီကျူးဆိုင်ရာကိရိယာများ (Molecular tools)
- ပထဝီအချက်အလက်ပညာ (GIS)
- ဇီဝအချက်အလက်ပညာ (Bioinformatics) စသည်တို့လို

ဘာသာရပ်ပေါင်းစုံ ကျွမ်းကျင်မှု (Cross disciplinary skill) ပညာရှင်တွေ များစွာလိုပါသည်။

ဇီဝသိပ္ပံကျောင်းဆင်းဘွဲ့ရ (School of Biological Sciences graduates) တွေက ဒီ ကျွမ်းကျင်မှုများ (skill set) ကို ပေါင်းစပ်သင်ကြားထားလေ့ရှိပါသည်။

**(ဂ) သုတေသနအလုပ်အကိုင် (Research career) အတွက် ပိုအဆင်ပြေခြင်း**

သုတေသနလုပ်ငန်း (Grant application) တွေက ဘာသာစုံအဖွဲ့ (interdisciplinary team) ကို ပိုနှစ်သက်လို့ ဌာနများပေါင်းစည်းမှုက-
ရုက္ခပညာရှင် (Botanist) + သတ္တပညာရှင် (Zoologist) + အနုဇီဝပညာရှင် (Microbiologist) + ဂေဟာပညာရှင် (Ecologist) + ထိန်းသိမ်းရေးပညာရှင် (Conservationist) + ရာသီဥတု သိပ္ပံပညာရှင် (Climate Scientist) + ဂျီနုန်းကျွမ်းကျင်သူ (Genomics Specialist) စသည် တို့လို အဖွဲ့ (team)တွေ ဖွဲ့ရလွယ်စေပါသည်။

**စာရေးသူ၏အတွေး**

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ အပါအဝင် မြန်မာနိုင်ငံတက္ကသိုလ်များတွင် ဌာနမှူး၊ ပါမောက္ခ၊ သီးသန့်ဌာနအသစ် စသည်ဖြင့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ အငြိမ်းစား မယူမချင်း အသေဆုပ်ကိုင်ထားသည့်စနစ်စသည့် လွန်ခဲ့သော နှစ် ၃၀-၄၀ များကတည်းက ကျင့်သုံး နေသောစနစ်များစွာရှိနေပါသေးသည်။ စာရေးသူအမြင်ကတော့ ခေတ်မမီ၊ ခေတ်နောက် ပြန်ဆွဲနေ သောစနစ်များသာဖြစ်နေ၍ မူဝါဒချမှတ်မည့်သူများ (Policy Makers) က နိုင်ငံတကာ တက္ကသိုလ်များ ဖွဲ့စည်းပုံ၊ နှစ်စဉ်ပြုပြင်ပြောင်းလဲနေမှု (University Yearly Restructuring Plan) ကိုမျက်ခြေမပြတ်ကြည့်ရှုနေပြီး အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြုပြင် ပြောင်းလဲဆောင်ရွက်နိုင်ကြပါစေဟူ၍ ဆုမွန်ကောင်း တောင်းပေးလိုက်ရပါသည်။

ဒေါက်တာမျိုးကြွယ်

## ဘင်္ဂလားဒေ့ရှ်တွင် တိရစ္ဆာန်စာကဏ္ဍ တိုးတက်မှုကြောင့် ပြောင်းတင်သွင်းမှု မြင့်တက်

ဘင်္ဂလားဒေ့ရှ်သည် မနှစ်က အမေရိကန်မှ ပြောင်းတင်သွင်းခွင့်ပြုခဲ့သော်လည်း ပြည်တွင်း ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှာ တိုးတက်လာနေလျက်ရှိသည်။ USDA ၏ နောက်ဆုံး ခန့်မှန်းချက်အရ၊ နိုင်ငံအတွင်း ပြောင်းထုတ်လုပ်မှု တိုးလာနေလျှင်ပင် တိရစ္ဆာန်စာလိုအပ်ချက် မြင့်မားလာနေခြင်းကြောင့် ပြောင်းတင်သွင်းမှု ဝယ်လိုအား တိုးလာမည်ဟု ခန့်မှန်းထားသည်။

၂၀၁၈ ခုနှစ်က အမေရိကန်ပြောင်းဈေးကွက်မှ ပထမအကြိမ် ဝယ်ယူတင်သွင်းခဲ့ဖူးသော ဘင်္ဂလားဒေ့ရှ်သည် ၂၀၂၅/၂၆ တွင် ဈေးကွက်သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး နောက် အမေရိကန်သည် တင်သွင်းဈေးကွက်၏ ၁၁ ရာခိုင်နှုန်းကို ရယူနိုင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ် တိရစ္ဆာန်စာကုမ္ပဏီ သုံးခုသည် ပထမဆုံး ၆၀,၀၀၀ တန်ခန့် ဝယ်ယူခဲ့ပြီး၊ ၂၀၂၆ ဇန်နဝါရီ ပထမအပတ်တွင် Chattogram Port သို့ ရောက်ရှိခဲ့သည်။ ထိုဝယ်ယူမှုနောက်ပိုင်းတွင် တိရစ္ဆာန်စာ ကုမ္ပဏီများ အဖွဲ့ချုပ်က အမေရိကန်ပြောင်းများကို နှစ်သုတ်ခွဲ၍ ထပ်မံ ဝယ်ယူခဲ့ရာ ၂၀၂၅/၂၆ စိုက်ပျိုးနှစ်တွင် အမေရိကန်မှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့သည့် ပြောင်းပမာဏစုစုပေါင်းသည် ခန့်မှန်းအားဖြင့် ၁၆၀,၀၀၀ တန်သို့



ရောက်ရှိခဲ့သည်။

တိရစ္ဆာန်စာကဏ္ဍ တိုးတက်လာခြင်းနှင့် နိုင်ငံတကာ ဈေးနှုန်း နိမ့်ကျခြင်းကြောင့် ၂၀၂၅/၂၆ စိုက်ပျိုးနှစ်တွင် ဘင်္ဂလားဒေ့ရှ်၏ ပြောင်းတင်သွင်းမှုပမာဏ တန်ချိန် ၁ ဒသမ ၈ သန်း အထိ ရောက်ရှိနိုင်မည်ဟု USDA က ခန့်မှန်းထားသည်။ ဤခန့်မှန်းချက်သည် ၂၀၂၄/၂၅ ခန့်မှန်းချက်ထက် ၂၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်မားသည်။ တင်သွင်းမှုများသည် အဓိကအားဖြင့် အိန္ဒိယ၊ ဘရာဇီးနှင့် အမေရိကန်တို့မှ ဖြစ်သည်။ နိုင်ငံတကာ ပြောင်းဈေးနှုန်း နိမ့်ကျနေမှုက ကုန်သွယ်သူများနှင့် တိရစ္ဆာန်စာကဏ္ဍတို့အား ပြောင်းအများအပြား တင်သွင်းသို လှောင်စေခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

၂၀၂၆/၂၇ စိုက်ပျိုးနှစ်တွင် USDA သည် ပြောင်းတင်သွင်းမှုကို တန်ချိန် ၁ ဒသမ ၇ သန်း ခန့်မှန်းထားပြီး၊ ၂၀၂၅/၂၆ ခန့်မှန်းချက်ထက် ၅ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းသွားမည်ဟု ဆိုသည်။ ပြည်တွင်း ပြောင်းထုတ်လုပ်မှု တိုးလာခြင်းနှင့် သိုလှောင်ပမာဏ မြင့်တက်နေခြင်းတို့က လိုအပ်ချက် ပမာဏကို ဖြည့်ဆည်းသွားလိမ့်မည်ဟု ခန့်မှန်းထားသည်။

USDA သည် ဘင်္ဂလားဒေ့ရှ်၏ ပြောင်းတင်သွင်းမှုပုံစံ ပြောင်းလဲလာကြောင်း မှတ်ချက်ပြုခဲ့သည်။ "အိန္ဒိယသည် သမိုင်းတစ်လျှောက် ဘင်္ဂလားဒေ့ရှ်အတွက် အဓိက ပြောင်းပေးသွင်းသူ ဖြစ်ခဲ့ပြီး၊ ဈေးနှုန်း ယှဉ်ပြိုင်နိုင်မှု၊ လော်ဂျစ်စတစ် ထိရောက်မှုနှင့် သယ်ယူပို့ဆောင်ချိန် တိုတောင်းခြင်းကြောင့် ဖြစ်သည်။ သို့သော် ၂၀၂၄ နောက်ပိုင်းတွင် အိန္ဒိယ၏ နိုင်ငံတွင်း ပြောင်းအခြေခံ ဇီဝလောင်စာဆီ ထုတ်လုပ်မှု တိုးလာခဲ့ရာ တင်ပို့နိုင်သော ပြောင်းပမာဏ အလွန်နည်းသွားခဲ့သည်။ ထို့ကြောင့် ဘရာဇီးသည် အဓိက ပေးသွင်းသူအဖြစ် ပေါ်ထွက်လာခဲ့သည်။ ၂၀၂၅/၂၆ စိုက်ပျိုးနှစ် ဖေဖော်ဝါရီလအထိ ဘရာဇီးသည် ဘင်္ဂလားဒေ့ရှ်၏ စုစုပေါင်း ပြောင်းတင်သွင်းမှု၏ ၇၈ ရာခိုင်နှုန်းကို ပေးသွင်းခဲ့ပြီး၊ အိန္ဒိယနှင့် အမေရိကန်တို့သည် ၁၁ ရာခိုင်နှုန်းစီ တင်သွင်းခဲ့သည်။"

TTP

asian-agribiz.com(21 April)




၂၅-၄-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်စပါးဈေးကွက်

ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်းလမ်း) တွင် ထုတ်ပြန်သော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၉၅၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၉၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧည့်မထဆန်ကြမ်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၉၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၅၇၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ကြမ်း(၁၅ ရာခိုင်နှုန်း) အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၉၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၅၇၀၀၀ ကျပ်နှုန်း ဖြင့်လည်းကောင်း၊ ဧစိန်ဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၆၅၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၅၅၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရှိရသည်။ သကြံန် ပိတ်ရက်များ မတိုင်မီ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်းဆန်ဈေးနှုန်း ပြောင်းလဲမှု မရှိသော်လည်း ကျန်ဆန်အမျိုးအစားများအားလုံး ဆန်တစ်အိတ်လျှင် ၁၀၀၀ ကျပ်မှ ၅၀၀၀ ကျပ် အထိ ဈေးမြင့်လျက်ရှိသည်။ အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် ကုန်တင်သင်္ဘောခနှင့် စက်သုံးဆီ ဈေးများ မြင့်ခဲ့ခြင်း၊ ရူပီးဈေးနှင့်ဘတ်ငွေဈေးနှုန်းများ ဈေးမြင့်လာခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး အိမ်နီးချင်း နိုင်ငံများ၏ ပြည်ပပို့ဆန်ဈေးနှုန်းများ ဈေးမြင့်လာခဲ့သည်။ ထို့အတူ မြန်မာပြည်ပပို့ဆန်နှင့် ဆန်ကွဲများအား ဈေးမြင့်စေခဲ့သည်။ ပြည်တွင်း၌လည်း စက်သုံးဆီနှင့် လောင်စာဆီ အခက်အခဲများကြောင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်ကာ ဆန်ဈေးနှုန်းများအား ဈေးမြင့် စေခဲ့သည်။ ဆန်သစ်များမှာလည်း သကြံန်ကာလနောက်ပိုင်းတွင် အစိုဓာတ်များ လျော့နည်းပြီး ခြောက်သွေ့လာခြင်းကြောင့် လှောင်လက်များ ဆန်ဝယ်ယူချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း ပြည်တွင်းသုံးစွဲမှုများသော ဆန်ချော၊ ဆန်ကြမ်းများအားလုံး သကြံန်မတိုင်မီ ကာလများထက် သိသာစွာ ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြည်ပပို့ဆန်ဈေးကွက်တွင်လည်း ကမ္ဘာ့ရေနံဈေးမြင့်တက်နေခြင်း၊ နိုင်ငံတကာရွှေဈေး မတည် ငြိမ်ခြင်း၊ပြည်ပငွေလဲလှယ်နှုန်းများလှုပ်ခတ်မှုများနေခြင်းတို့ကြောင့်ကုန်စည်ဝယ်လက်များမှစောင့်ကြည့်မှုများကာ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဟင်္သာတ၊ လပွတ္တာ၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ သွင်းကုန်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်သော ကာလတိုတောင်းခြင်း၊ မြဝတီနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ချိန်ဖြစ်ခြင်း၊ ထိုင်းနိုင်ငံသို့ တင်ပို့ မည့် ပြောင်းများအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်များ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိခြင်း တို့ ကြောင့် အစေ့ထုတ်ပြောင်းများအား ပုံမှန်တင်ပို့မှုရှိခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်လာခြင်းနှင့် ကုန်သည်ဝယ်လက်များက ဈေးမြင့်ပေးကာ မြိုင်မြိုင်ဆိုင်ဆိုင် ဝယ်ယူမှုများရှိလာခဲ့ခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်း ဈေးနှုန်းများမှာ သကြံန်ကာလ မတိုင်မီက ဈေးနှုန်းများထက် ထပ်မံဈေးမြင့် လာခဲ့ခြင်း ဖြစ်သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် သကြံန်ပိတ်ရက် မတိုင်မီ ပျမ်းမျှဈေးနှုန်းမှာ ၈၉၆၄၀ ကျပ် ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၉၁၂၆၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့ခြင်း ဖြစ်သည်။

## ပဲမျိုးစုံဈေးကွက်

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ရာသီအလိုက်ပဲစားသုံးမှု နည်းလာသော ကာလဖြစ်ခြင်း၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် ကန်တင်းများတွင် လောင်စာ ဓာတ်ငွေ့ပြတ်တောက်မှုများ ရှိခဲ့ခြင်းကြောင့် အရောင်းအဝယ်အေးခြင်း၊ ဆောင်းစိုက် ပဲများလည်း ပုံမှန်ဝင်ရောက်မှုရှိနေသေးခြင်း တို့ကြောင့် သကြံန်ပိတ်ရက်များအပြီးတွင် မြန်မာမတ်ပဲ၊ ပဲစင်းငုံများ ရောင်းလိုအား များခြင်း၊ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများနှင့်ကမ္ဘာ့ရေနံဈေးနှုန်းများကြောင့် ပြည်ပငွေလဲနှုန်းများ အလှုပ်အခတ် များနေခြင်း စသည့်အခြေအနေများကြောင့်လည်းကောင်း သကြံန်ပိတ်ရက်များမတိုင်မီဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မတ်ပဲ (သဘော်တင်) နှင့် ပဲစင်းငုံ (သဘော်တင် ) ဈေးနှုန်းများမှာ ယခုရက်သတ္တပတ်တွင် ဈေးနိမ့်လျက်ရှိသည်။ မတ်ပဲ (သဘော်တင်) တစ်တန်လျှင် သကြံန်ပိတ်ရက်များ မတိုင်မီဈေးနှုန်းမှာ ၃၁၆၁၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၁၂၅၀၀၀ ကျပ်ဖြစ်သည်။ ပဲစင်းငုံ (သဘော်တင် ) တစ်တန်လျှင် သကြံန်ပိတ်ရက်များ မတိုင်မီဈေးနှုန်းမှာ ၃၁၅၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၁၀၅၀၀၀ ကျပ်ဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ (သဘော်တင်) မှာ ကုန်သေတ္တာ ၁၁၀ လုံး နှင့် ပဲစင်းငုံ (သဘော်တင်) မှာ ကုန်သေတ္တာ ၁၀ လုံး ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ ပဲတီရွှေဝါနှင့် ထောပတ်ပဲမှာ အရည်အသွေးကောင်းသော် လည်း အရောင်းအဝယ်အေးနေခြင်းကြောင့် သကြံန်ကာလမတိုင်မီ ဈေးနှုန်းများအတိုင်းရှိခဲ့သည်။ ပဲတီရွှေဝါ ၃ တင်း / ၆၀ ပိဿာလျှင် ယခုအပတ် ပျမ်းမျှဈေးနှုန်းမှာ ၄၀၀၅၀၀ ကျပ်ဖြစ်ပြီး ထောပတ်ပဲ ၃ တင်း / ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၆၃၁၀၀ ကျပ်ဖြစ်သည်။ ပဲလွမ်းဖြူနှင့်ကုလားပဲမှာ နှစ်သစ်ကူးပိတ်ရက်များအပြီးတွင် ဝယ်လိုအား ကျဆင်းကာ ပုံမှန်စားသုံးမှုသာရှိခြင်းကြောင့် ယခုရက် သတ္တပတ်အတွင်း ဈေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ပဲလွမ်းဖြူ ၃ တင်း / ၆၀ ပိဿာလျှင် နှစ်သစ်ကူးပိတ်ရက်များ မတိုင်မီ ဈေးနှုန်းမှာ ၂၃၆၅၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၃၅၀၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့် ခဲ့သည်။ ကုလားပဲမှာ နှစ်သစ်ကူးပိတ်ရက်များ မတိုင်မီက တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၄၂၅၈ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၁၇၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲပုပ်ပဲမှာ ပြည်တွင်း လုပ်ငန်းသုံးရန် ဝယ်လိုအားများခြင်းကြောင့်လည်းကောင်း၊ ဘိုကိတ်ပဲမှာ ဈေးကွက်သို့ ပဲအဝင်နည်း လာချိန် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ သကြံန်မတိုင်မီဈေးနှုန်းများထက် ဈေးမြင့်ခဲ့သည်။ ပဲပုပ်ပဲ ၃ တင်း / ၆၀ ပိဿာလျှင် သကြံန်မတိုင်မီဈေးနှုန်းမှာ ၄၉၇၄၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၉၉၉၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ဘိုကိတ်ပဲ ၃ တင်း / ၆၀ ပိဿာလျှင် သကြံန်မတိုင်မီ ပျမ်းမျှဈေးနှုန်းမှာ ၂၁၇၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၁၉၉၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့် ခဲ့သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီအများဆုံးထုတ်လုပ်သော အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် စားအုန်းဆီ ထုတ်လုပ်မှု လျော့ကျသောကာလဖြစ်ခြင်း၊ ပို့ကုန်အခွန် တိုးမြှင့်ထားခြင်း၊ လောင်စာဆီ အဖြစ် ရောနှောသုံးစွဲမှုရှိခြင်း၊ ပြည်တွင်းလက်ကျန်နည်းလာခြင်း၊ နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများတွင် လောင်စာဆီ အကျပ်အတည်းများအပေါ် စိုးရိမ်မှုများ မြင့်တက်နေချိန်ဖြစ်ခြင်းစသည့် အခြေ အနေများကြောင့် စားအုန်းဆီ တင်သွင်းရသောဈေးနှုန်းများအား ထပ်မံမြင့်တက်စေခဲ့သည်။ထို့ကြောင့် ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်ဈေးနှုန်းများ အပေါ် အခြေခံ၍ စားအုန်းဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၂၈၅ ကျပ် ဖြစ်သည်။ ယခင်အပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက စားအုန်းဆီတစ်ပိဿာလျှင် ၃၀၀ ကျပ်နှုန်း ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။ ၂၀၂၅ ခုနှစ်ကုန်ပိုင်းမှစ၍ စားအုန်းဆီ ရည်ညွှန်းဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာနေခြင်းလည်း ဖြစ်သည်။ ပြင်ပလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သောမြို့နယ်များတွင် စားအုန်းဆီတစ်ပိဿာ၏ ပြင်ပဈေးနှုန်းမှာ ၁၂၀၀၀ ကျပ် ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၆-၄-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်ဈေးကွက်

မန္တလေးဆန်ပွဲရုံများတွင် မိုးလက်ကျန်နည်းသွားသဖြင့် ပင်ရင်းဈေး မြင့်ခြင်း သကြံန်ကာလအပြီး ဝယ်ယူမှုများခြင်းကြောင့် ယခင်လတစ်အိတ် ၁၄၀၀၀၀ကျပ်မှ ၁၆၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ရွှေဘိုပေါ်ဆန်းမှာလည်း ရွှေဘိုဒေသတစ်ခုထဲမှ ဝင်ရောက် ခြင်း၊ အဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးရန် ဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၁၈၅၀၀၀ကျပ်မှ ၂၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မနောသုခ ဆန်မှာ မိုးလက်ကျန်နည်းခြင်း၊ နွေစပါးစိုက်ထားဆဲဖြစ်ခြင်း၊ မြို့တွင်းစားသုံးမှု ပုံမှန်ဖြစ်ခြင်းကြောင့် တစ်အိတ် ၈၅၀၀၀ကျပ်မှ ၉၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ဧယာနှင့် ငစိန်ဆန်မှာ ဧယာမျိုးနွယ်ဝင်ဆန်များမှာ ပြည်ပပို့ရန် ဝယ်ယူမှုရှိသော ဆန်များဖြစ် ခြင်း၊ မိုးလက်ကျန် တောင်သူထဲတွင် နည်းသွားသဖြင့် ပင်ရင်းဈေး မြင့်ခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ ကျပ်မှ ၉၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ငစိန်ဆန်မှာ တောင်သူလက်ကျန်နည်း၍ ပင်ရင်းဈေးမြင့်ခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၆၀၀၀၀ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။ ဧရာမင်းဆန်မှာ မန္တလေးဝန်းကျင်မှ ထွက်ရှိပြီး အသစ်စတင်ဝင်ရောက်မှုရှိခြင်းကြောင့် အသစ် တစ်အိတ် ၂၄၀၀၀၀ကျပ်၊ အဟောင်းမှာ ၁၄၀၀၀၀ကျပ်မှ ၁၆၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဆီထွက်သီးနှံ ဈေးကွက်

ဆောင်းမြေပဲအသစ်များဝင်ရောက်သော်လည်း အဝင်နည်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် မြေပဲ (လုံးဆန်) ဈေးနှုန်းမှာ ၁၀၀ပိဿာ ၁၁၂၀၀၀၀ကျပ် မှ ၁၁၇၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်မှုရှိသည်။ မြေပဲ (ဆီဆန်) မှာ အဝင်နည်းသော်လည်း ပိတ်ရက်များသဖြင့် ဆီစက်များ အဝယ်နည်းခြင်းကြောင့် ယခင်အပတ်အရည်အသွေးအကောင်းဆုံး ၁၁၅၀၀၀၀ကျပ်မှ ယခုအပတ် ၁၀၈၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

နှမ်းဖြူမှာ အဝင်ပုံမှန်ရှိသော်လည်း သင်္ကြန်ကာလ လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၄၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းညိုများ အဝင်နည်းခြင်း၊ သကြံန်အပြီး ဆီစက်သမား အဝယ်များခြင်းကြောင့် ၄၅ပိဿာ ယခင်လ ၃၆၀၀၀၀ ကျပ်မှ ယခုလ ၄၅၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနက် (စမုံ)မှာ အဝင်နည်းခြင်း၊ လုပ်ငန်း သမားအဝယ်များခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ယခင်လ ၃တင်းတစ်အိတ် ၆၄၀၀၀၀ကျပ် မှ ၇၅၀၀၀၀ကျပ်သို့ ဈေးများစွာမြင့်သွားသည်။

ပန်းနှမ်းဈေးနှုန်းမှာ အဝင်နည်းခြင်း၊ သကြံန်ပြီး ရောဆီသမားနှင့် ဘယဆေးသမားအဝယ်ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၃၀၀၀၀၀ကျပ်မှ ၃၁၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နေကြာမှာ အဝင်ပုံမှန်၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၇ပိဿာ (၃တင်း) ၂၂၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်ဈေးကွက်

ငရုတ်ခြောက် ရောဝတီတိုင်းဘက်မှ အဝင် နည်းသွားခြင်း၊ သာစည်၊ ပျော်ဘွယ်၊ မန္တလေးဝန်းကျင်မှ မဝင်သေးခြင်းကြောင့် ငရုတ်ခြောက် (ရှည်) တစ်ပိဿာ ၁၈၀၀၀ကျပ်၊ လတ် တစ်ပိဿာ ၂၀၀၀၀ကျပ်၊ ငရုတ်ခြောက် (ပွ) တစ်ပိဿာ ၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

မြစ်သားကြက်သွန်အဝင်နည်းသွားပြီး နယ်စုံမှ ဝင်ရောက်မှုရှိခြင်း၊ လမ်းပမ်းဆက်သွယ်ရေးနှင့် သယ်ယူစရိတ်ကြောင့် နယ်ဝေးတင်ပို့ရမှုနည်းပြီး မြို့တွင်းစားသုံးမှု သာရှိခြင်းကြောင့် ကြီးတစ်ပိဿာ ၂၈၀၀ ကျပ်မှ ၂၅၀၀ကျပ်၊ လတ်တစ်ပိဿာ ၂၀၀၀ ကျပ်၊ သေး တစ်ပိဿာ ၁၈၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ (တရုတ်) မှာ အဝင်ပုံမှန်နှင့် မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် တစ်ပိဿာ ယခင်လ ၁၄၀၀၀ကျပ်မှ ယခုလ ၁၁၀၀၀ ကျပ်သို့ ဈေးနိမ့်သွား သည်။ ရွှေဘိုဘက်မှ ဝင်ရောက်သော ကြက်သွန်ဖြူ (မြန်မာ) မှာ အဝင်ပုံမှန် မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် အရည်အသွေး ပေါ် မူတည်၍ အနိမ့်ဆုံး ၅၀၀၀ကျပ်မှ အမြင့်ဆုံး ၉၀၀၀ ကျပ်ဖြင့် ပုံမှန်ရောင်းဝယ်နေသည်။

အောင်ပန်းအာလူးများအဝင်များလာခြင်းကြောင့် အိုကေတစ်ပိဿာ ၂၅၀၀ ကျပ်၊ အေဝမ်းတစ်ပိဿာ ၂၀၀၀ကျပ်၊ ဆွဲတစ်ပိဿာ ၁၈၀၀ ကျပ်ဖြင့် မြို့တွင်းစားသုံးမှု ပုံမှန်ရှိ နေသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲဈေးနှုန်းမှာ ကျောက်ရစ်ပဲ အသစ်မှာ ၂၈၈၀၀၀ကျပ်ဈေးရှိပြီး ပဲခွဲစက်များ အဝယ်ပုံမှန်ရှိနေသည်။ ပဲတီစိမ်း (အညာ)မှာ အသစ်အဝင်နည်းခြင်းကြောင့် ပစ္စည်းကောင်းရှားခြင်း၊ တရုတ်ဝယ်လက် ရှိခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် ၃တင်းတစ်အိတ် ယခင်လ ၂၉၀၀၀၀ ကျပ်မှ ယခုလ ၄၃၀၀၀၀ကျပ်သို့ ဈေးများစွာမြင့်သွားသည်။ ပဲစဉ်းငုံ (ဖြူ/နီ) တို့မှာ အသစ်အဝင်နည်းခဲ့ခြင်း၊ ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ပဲစဉ်းငုံ (နီ) ယခင်လ ၃တင်းတစ်အိတ် ၂၇၅၀၀၀ကျပ်မှ ၂၈၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ပဲစဉ်းငုံ (ဖြူ) မှာ အဝင်ပုံမှန် ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၅၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ပဲပုတ်(ရှမ်း/မြန်မာ) အနက် ပဲပုတ်(မြန်မာ) မှာ အဝင်ပုံမှန် လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်း ကြောင့် ၃တင်းတစ်အိတ် ၄၂၀၀၀၀ကျပ်၊ ပဲပုတ်(ရှမ်း) မှာလည်း အဝင်ပုံမှန် ဆီစက်သမားအဝယ်ပုံမှန် ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၄၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကုလားပဲဈေးနှုန်းများအနေဖြင့် ကုလားပဲ (လုံးဖြူကြီး)မှာ အသစ်အဝင်နည်းခြင်း၊ လုပ်ငန်းသမား၊ ပဲကြော်/လှော်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့်အရည်အသွေးအကောင်းဆုံး ၂၂၇၀၀၀ ကျပ်မှ ၂၃၀၀၀၀ကျပ်သို့လည်းကောင်း၊ ကုလားပဲ (လုံးဝါကြီး)မှာ အဝယ်ပုံမှန်ရှိခြင်း၊ ပဲခွဲစက်များ အဝယ်ပုံမှန် ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၁၅၀၀၀ ကျပ်မှ ၂၁၇၀၀၀ကျပ်သို့ လည်းကောင်း ဈေးမသိမသာ မြင့်သွားပြီး ခွဲခြမ်း တစ်ပိဿာ ၅၆၅၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲယင်း (ကြီး)မှာ အသစ်ပုံမှန်ဝင်ရောက်သော်လည်း ပဲခွဲစက်များ အဝယ်နည်းခြင်း၊ ကြာဇံလုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ၃ တင်း တစ်အိတ် ၂၅၀၀၀၀ ကျပ်မှ ၂၄၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေတောက်ပဲ ဈေးနှုန်းအနေဖြင့် မုံရွာဘက်မှ အသစ်များ ဝင်ရောက်ပြီး ၃ တင်းတစ်အိတ် ၃၅၀၀၀၀ ကျပ်၊ ကလေးတမူး အသစ် ၃၁၀၀၀၀ ကျပ်၊ အညာအသစ် ၃၀၀၀၀၀ ကျပ်မှ ၃၅၀၀၀၀ ကျပ်ဈေးများဖြင့် လုပ်ငန်းသမား အကြော်အလှော်သမား၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိသည်။ စားတော်ပဲ (ကျွန်း)မှာ အသစ်များဝင်ရောက်ပြီး လုပ်ငန်းသမား၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၆၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး (ကြီး/သေး) တို့မှာ ကျောက်တွင်းဘက်မှ အသစ်များဝင်ရောက်ပြီး အရည်အသွေး ကောင်းခြင်း၊ အဝင်နည်းသေးခြင်းကြောင့် ယခင်က ၃ တင်းတစ်အိတ် ၄၉၅၀၀၀ ကျပ်မှ ၅၆၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲကြီး (သေး)မှာလည်း အသစ်များ အရည်အသွေးကောင်းခြင်း၊ လက်လီသမားအဝယ်ရှိခြင်းကြောင့် တစ်အိတ် ယခင်လတစ်အိတ် ၄၁၀၀၀၀ ကျပ်မှ ၅၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ထောပတ်ပဲ (ကြီး/သေး) တို့မှာ အသစ်အဝင်များလာခြင်း၊ လုပ်ငန်းသမား ပဲကြော်/ လှော်သမား ပိတ်ရက်များခြင်းကြောင့် အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၈၀၀၀၀ ကျပ်မှ ၃၄၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲလွန်းဖြူ/ပြာ ဈေးနှုန်းမှာ အသစ်များ ဝင်ရောက်ခြင်း၊ လက်လီသမားအဝယ်သာရှိခြင်းကြောင့် ပဲလွန်းဖြူတစ်အိတ် ယခင်လ ၂၄၀၀၀၀ ကျပ်မှ ၂၃၈၀၀၀ ကျပ်သို့ လည်းကောင်း၊ ပဲလွန်းပြာ တစ်အိတ် ၁၈၅၀၀၀ ကျပ်မှ ၁၈၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

## သစ်သီးဝလံနှင့် ဟင်းသီး/ရွက်ဈေးကွက်

အရာတော်ဘက်မှ ဖရဲသီးများ ဝင်ရောက်မှုရှိပြီး အရည်အသွေး ကောင်းခြင်းအဝင်နည်းခြင်းကြောင့် တစ်လုံး ၈၀၀၀ ကျပ်ထိ ဈေးမြင့်နေသည်။ သခွားမွှေး ၂၅၀၀ ကျပ်၊ ရွှေသခွား ၂၀၀၀ ကျပ် ဈေးနှုန်းဖြင့် ရောင်းဝယ်နေသည်။ ထောပတ်သီးများ အဝင်နည်းပစ္စည်းရှားခြင်းကြောင့် ၁၂၀ လုံးပါ တစ်အိတ် ၃၀၀၀၀၀ ကျပ်၊ ပန်းသီး ၆၀ လုံးပါ တစ်ဖာ အရည်အသွေးပေါ်မူတည်၍ ၁၇၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ကျပ်၊ သီပေါနာနတ် တစ်လုံး ၃၀၀၀ ကျပ်ဖြင့် မင်းဘူး၊ ဖားအံ၊ ကောလင်း၊ ဝန်းသို၊ မိုးကုတ်၊ မြစ်ကြီးနား၊ ပွင့်ဖြူ၊ အောင်လံ၊ မူဆယ်ထိ လမ်းပန်းဆက်သွယ်ရေးပေါ်မူတည်၍ တင်ပို့မှုရှိသည်။

ခရမ်းချဉ်ရှမ်းတောင် မဝင်သေးပဲ မုံရွာ၊ တရုတ်(တိုင်ပေ)သီးများ

စာ-၁၅ သို့




သပြေချဉ်ပင်ကို သပြေပုတ်၊ သပြေပေါက်၊ သပြေချင်းပင်ဟု ခေါ်ဆိုသကဲ့သို့ တောရေဘယ်ရီ၊ ချင်းရိုင်းသီး ဟုလည်း ခေါ်ဆိုကြ၏။ ယင်း၏ အင်္ဂလိပ်အမည်မှာ Ceylon Waterberry၊ Rice Fruit နှင့် Cat eye fruit plant ဟု လူသိများ ကြ၏။ ရုက္ခဗေဒအမည်မှာ Syzygium zeylanicum ဖြစ်ကာ မျိုးရင်း Myrtaceae တွင် ပါဝင်၏။ ယင်း၏ ဆီးနှင်းဖြူ သဏ္ဍာန်ဖြူဖွေးလုံးဝန်းသော အသီးအစုအဝေးများကြောင့် snowy berry ဟုလည်း လူသိများကြ၏။ သပြေချဉ်ပင်ကို တောင်အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်တို့တွင်လည်းကောင်း၊ အရှေ့တောင် အာရှနိုင်ငံများ ဖြစ်သည့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံတို့တွင်လည်းကောင်း၊ အရှေ့အာရှဒေသများဖြစ်သည့် တရုတ်နိုင်ငံ တောင်ပိုင်းတို့တွင် လည်းကောင်း၊ မာဒါဂက် စကာ၊ အန်ဒမန်နှင့် နီကိုဘာကျွန်းစုများတို့တွင် သဘာဝအတိုင်း ပေါက်ရောက်သည့် အပင်မျိုးဖြစ်၏။ မြန်မာနိုင်ငံတွင်လည်း မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ အပါအဝင် ဒေသအတော်များများတွင် အလေ့ကျပေါက်ရောက်လေ့ရှိ၏။

သပြေချဉ်ပင်သည် အပူပိုင်းမိုးသစ်တောများနှင့် အာရုဏ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်လေ့ရှိသော အမြဲစိမ်းချုံပင် သို့မဟုတ် သစ်ပင်ငယ်တစ်မျိုးဖြစ်၏။ ၎င်း၏ ရနံ့သင်းသော အရွက်များနှင့် ဆန်စေ့များနှင့်ဆင်တူသော နှင်းဖြူရောင် ဘယ်ရီသီးအစုအဝေးများ အတွက် အထူးတန်ဖိုးထားကြသည်။ ပုံမှန်အားဖြင့် သပြေချဉ်ပင်သည် အမြင့် ၈ မှ ၁၂ မီတာအထိရှိသော ချုံပင်ကြီး သို့မဟုတ် အပင်ငယ်တစ်မျိုးဖြစ်၏။ အရွက်များမှာ သားရေကဲ့သို့ တောက်ပြောင် ပြီး အစိမ်းရင့်ရောင်ရှိကာ လုံပုံသဏ္ဍာန် သို့မဟုတ် ဘဲဥပုံရှိ၏။ အရွက်အရှည် ၃ မှ ၁၁ စင်တီမီတာခန့်ရှိပြီး ကြိတ်ချေ လိုက်သောအခါ သင်းပျံ့သောရနံ့မွှေးလေးကို ထုတ်လွှတ်ပေး၏။ ပန်းပွင့်များ ပွင့်နေချိန်တွင် နှင်းကဲ့သို့ ထင်ရှားသော အဖြူရောင်အမျှင်အမွှားလေး



များအစုအဝေးမှာ "pom-pom" ကဲ့သို့လုံးဝန်းပြီးရှိကာ လိပ်ပြာများနှင့် ပျားများအတွက် အလွန်ဆွဲဆောင်မှုရှိ၏။ ပန်းများမှ အသီးသို့ ပြောင်းလဲလာသည့်အခါ အစိမ်းရောင်မှသည် နှင်းကဲ့သို့ဖြူဥသော အဖြူရောင်သို့ ပြောင်းသွားကာ ၅ မှ ၇ မီလီမီတာအရွယ်ရှိ သေးငယ်ပြီး လုံးဝိုင်းသော ဘယ်ရီသီးများ ဖြစ်ထွန်းလာ၏။ အသီးမှာ အသားထူကာ ချိုချဉ်အရသာရှိပြီး ကြွပ်ဆတ်သော အခွံရှိ၏။ ပန်းပွင့်များသည် ဝတ်မှုန်ကူးပေးသော သတ္တဝါများအတွက် ဝတ်ရည်များစွာပေးစွမ်းနိုင်ပြီး အသီးသည် ငှက်များနှင့် နို့တိုက်သတ္တဝါငယ်များအတွက် အစားအစာရင်းမြစ်တစ်ခု ဖြစ်၏။ ပင်စည်အခေါက်မှာ အညိုဖျော့ရောင် သို့မဟုတ် မီးခိုးညိုရောင်ရှိကာ ချောမွေ့ပြီး တစ်ခါတစ်ရံ အကွက်များ ကွာကျတတ်၏။

လတ်ဆတ်သောသပြေချဉ်သီး ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၃၅၅ မှ ၃၈၄ ထိ ကယ်လိုရီပါဝင်ပြီး ကာဘိုဟိုက်ဒရိတ်၊ ပရိုတင်းတို့နှင့်အတူ သကြားဓာတ် ၃၇ မှ ၅၈ ဂရမ်ထိ ပါဝင်၏။ ထို့အပြင် ဗီတာမင်အေ၊ စီနှင့် ပိုတက်စီယမ်တို့ ကြွယ်ဝစွာ ပါဝင်ပြီး အဏုဇီဝ အာဟာရဓာတ်များအနေဖြင့် သံဓာတ်၊ ဆိုဒီယမ်နှင့် ပိုလီဖီနောလ်ကဲ့သို့ သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာ ပါဝင်၏။ ဖက်တီးအက်ဆစ်များ အနေဖြင့် oleic acid နှင့် linoleic acid တို့ ပါဝင်၏။ ထို့အပြင် ကိုယ်ခန္ဓာအတွင်း ဓာတ်တိုးခြင်းကို တိုက်ဖျက်ရာတွင် အထောက်အကူပြုသည့် gallic acid၊ catechin၊ epicatechin နှင့် quercetin အပါအဝင် ပိုလီဖီနောလ် polyphenols များ ပါဝင်၏။

ဆေးဖက်ဝင် အသုံးပြုမှုအနေဖြင့် သပြေချဉ်ရွက်များကို ဝမ်းလျှောခြင်းကို ကုသရန်နှင့် သန့်ချဆေး အဖြစ် အသုံးပြုကြ၏။ အခေါက် ပြုတ်ရည်များကို အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်း သက်သာစေရန် အသုံးပြုကြ၏။ အရွက်မှ ထုတ်ယူရရှိသည့် အနှစ်နှင့် အခေါက်များသည် သွေးတွင်းသကြားဓာတ်ကို လျှော့ချရာတွင် အထောက်အကူပြုသည့်အတွက် ဆီးချိုရောဂါ ဝေဒနာရှင်များအတွက် ကောင်းမွန်သည့် သဘာဝဆေးတစ်လက်ဖြစ်၏။

အာယုဗေဒနှင့် တောင်အာရှဒေသများ၏ ရိုးရာဆေးပညာရပ်များအရ သပြေပေါက်ပင်၏ အခေါက်၊ အရွက်များနှင့် အသီးများကို အဆစ်အမြစ် နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ဖျားနာခြင်းတို့ကို ကုသရန် ဆေး အဖြစ် အသုံးပြု ကြ၏။ ထို့အပြင် အရေပြားပေါ်တွင်ဖြစ်ပွားတတ်သည့် ယားနာရောဂါများကို ကုသခြင်း၊ ချွေးပေါက်ပိတ်စေသောဆေး အဖြစ် အသုံးပြုခြင်းနှင့် အစာခြေ စနစ်ကျန်းမာရေးတို့အတွက် ဆေး အဖြစ် အသုံးပြုကြ၏။

- အရွက်အနှစ်နှင့် ပြုတ်ရည်တို့ကို အနာကျက်ဆေးအဖြစ် အများအားဖြင့် ပြင်ဆင်အသုံးပြုလေ့ရှိ၏။
- အရွက်အစေးနှင့် အခေါက်တို့ကို ချောင်းဆိုးခြင်းနှင့် လေပွန်ယားယံခြင်းကို ကုသရန် အသုံးပြုကြ၏။
- အရွက်များကို ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်းနှင့် အူလမ်းကြောင်းဆိုင်ရာပြဿနာများအတွက် ဆေးအဖြစ် အသုံးပြု၏။
- အရေပြားပြဿနာများနှင့် ရောဂါပိုးများအတွက် အရွက်အနှစ်နှင့် အရွက်မှ ထုတ်ယူထားသော အရာများကို အပေါ်ယံလိမ်းခြင်းဖြင့် ဝေဒနာသက်သာစေရန် အသုံးပြုကြ၏။
- ရိုးရာဆေးပညာရပ်အရ သပြေချဉ်ရွက်နှင့် အခေါက်တို့ကို ဘက်တီးရီးယားပိုးသတ်ဆေးနှင့် မှိုသတ်ဆေး အဖြစ် အသုံးပြုကြ၏။
- ခေါင်းကိုက်ခြင်းလက္ခဏာကို ကုသရန်အတွက် အရွက်ပြုတ်ရည်ကို ရိုးရာအစဉ်အလာအရ အသုံးပြုကြ၏။

သပြေချဉ်ပင်သည် သဘာဝ အလျောက်ပေါက်သည့် အပင်ဖြစ်သည့်အလျောက် အချို့ဒေသများတွင် လမ်းဘေး တလျှောက်လုံးတွင် ပေါများစွာ ပေါက်ရောက်လေ့ရှိ



ကြ၏။

- သပြေချဉ်ပင်၏ ပန်းနုရောင် အရွက်နုလေးများမှာ ချဉ်ဖန်အရသာ ရှိသည့်အတွက် အစိမ်းအတိုင်း ငပိရည်၊ ငပိထောင်း၊ ငါးပိချက်တို့နှင့် တွဲကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။
- အချို့ကလည်း အရွက်နုများကို ခံတွင်းထဲတွင် ထည့်ဝါးခြင်းဖြင့် ခံတွင်းလိုက်ပြီး အစာစားလိုစိတ်ကို ဖြစ်စေရန် အသုံးပြုကြ၏။
- အသီးနုများမှာ အစိမ်းရောင်ဖြစ်ပြီး ရင့်မှည့်လာသည့်အခါ အဖြူရောင် ပြောင်းလဲသွားပြီး ချိုချဉ် အရသာ ရှိ

စာ-၁၅ သို့

ကျောဖုံးမှ-

ဖြင့် ခွဲခြားနိုင်သည်ဟု ဆိုကြသည်။ ၉၀ ဒီဂရီထောင်မတ်ခြင်းက ရေလုံလောက်မှုကို ပြ၍ ၃၀ - ၄၅ ဒီဂရီကြား ထောင်မတ်ခြင်းက ရေငတ်နေကြောင်း သိနိုင်သည်။

မြေတွင်းရေသည် ကြည်လင်သန့်စင်သော ရေမဖြစ်နိုင်ချေ။ ၎င်းရေအတွင်း ပျော်ဝင်ဓာတ်ဆားမျိုးစုံက ပျော်ဝင်နေသည်။ထို့ကြောင့် အမြစ်ဝန်းကျင်တွင် ရေကိုယ်တိုင်က ပျော်ရည်ဖြစ်နေသည်။ မြေတွင်းရေသည် မြင့်မားသော အပူချိန်အလုံအလောက်ရပါက ရေငွေ့ပြောင်းကာ လေထုထဲသို့ ရွေ့လျားသွားပါက ရေပါဝင်ပမာဏ နည်းလာပြီး မြေတွင်းရှိ ဓာတ်ဆားပမာဏ မပြောင်းလဲဘဲ ဆက်လက်ကျန်ရှိနေသောကြောင့် ပြင်းအားများခြင်း အကျိုးဆက်ဖြစ်စေပြန်သည်။ ဆားပေါက်ခြင်းပြဿနာမျိုး ဖြစ်လာပြန်သည်။ ရေငတ်ခြင်း၏ အကျိုးဆက် ဖြစ်သည်။ ထို့ကြောင့် ဆားပေါက်ပြဿနာကြောင့် ဖြစ်ပေါ်လာသည့် အပင်ညှိုးမှုသည် ရေငတ်ဒဏ်နှင့် သွားတူနေပြန်သည်။ သို့သော် အပင်များ၏ ဆားပေါက်ပြဿနာကြောင့် ရော်ရွက်ဝါခြင်း၊ ညှိုးခြင်းကို နံနက်ခင်း အစောပိုင်းကတည်းက တွေ့နိုင်သည်။ တစ်နေ့လုံး ညှိုးနေတတ်သည်။ ရေများခြင်း၊ ရေနည်းခြင်းကြောင့် အရွက်များ၊အပင်များ ညှိုးလျော် ကြွေကျပျက်စီးမှုများ၏ အကျိုးဆက်က ရောဂါပိုးမွှားများကို ဖိတ်ခေါ်နေသည်။

အပင်များစိုက်ပျိုးရာ မြေဆီလွှာအတွင်း ရေနည်းခြင်း၊ ရေများခြင်းသည် အပင်တို့ အာဟာရပြုခြင်းကို မညီမမျှဖြစ်စေသည်။ ရေလွှမ်းမြေတွင် အဓိက အာဟာရဓာတ်များ ဆုံးရှုံးမှုများ၍ အချို့သော အနည်းလို အာဟာရဒြပ်များက ပိုမိုပျော်ဝင်လာခြင်းကြောင့် အဆိပ်အတောက်ဖြစ်စေလာသည်။ ရေနည်းသောမြေတွင် လေဝင်လေထွက် ပိုမိုကောင်းမွန်လာခြင်းကြောင့် အချို့လိုအပ်သော အဟာရဓါတ်များက အောက်ဆိုဒ်ဒြပ်ပေါင်း ဖြစ်ကာ အနည်းထိုင်၍ အပင်အာဟာရချို့တဲ့မှု ဖြ စ် စေ ပြ န် သ ည် ။

ရေမလုံလောက်ခြင်းကြောင့် မြေပေါ်၊ မြေအောက်မှရသော ရေကို စုဆောင်းကာ စိုက်ပျိုးရေးအတွက် မှုနှင့် သီးနှံပင်ကြီးထွားမှုအဆင့်ကိုက်ညီမည့် အခြေအနေတို့ကို ဆုံးဖြတ်ကာ စိုက်ပျိုးချိန် ရွေးချယ်ကြသည်။ ယခုအခါ ရာသီဥတုပြောင်းလဲလာမှုကြောင့် စိုက်ချိန်ညှိရန် အခက်အခဲ ဖြစ်လာပြန်သည်။ စိုက်ချိန်ပြောင်းလဲမှုသည် ရေရရှိနိုင်မှု အခက်အခဲ၊ မစိုက်ခင် မြေပြင်ရမည့်အခက်အခဲ၊ အပူချိန်မညီမျှမှု၊ ပွင့်ချိန်သီးချိန် အပြောင်းအလဲတို့ ဆက်စပ် ဖြစ်ပေါ်လာသည်။




သုံးစွဲခြင်းကလည်း ရေအရည်အသွေးပြဿနာကို ရင်ဆိုင်ရပြန် သည်။ ဆားပေါက်ရေ၊ ညစ်ညမ်းရေများကို အသုံးပြုမိလျှင် အပင်များသာ အဆိပ်အတောက် ဖြစ်ရုံမက တိရိစ္ဆာန်များ၊ လူများပါ အစာကွင်းဆက်တစ်လျှောက် အန္တရာယ် ဖြစ်စေပြန်သည်။

ယခင်က ရာသီညှိကာ သီးနှံပင်တို့ကို အဓိကထားစိုက်ပျိုးကြသည်။ မိုးကြို၊ မိုး၊ မိုးနှောင်း၊ ဆောင်းဟူကာ အပူပိုင်းသီးနှံများကို မြန်မာပြည်တွင် စိုက်ပျိုးကြသည်။ မိုးရေရရှိနိုင်

ရေကြောင့်ဆက်နွယ်နေသည့် ပြဿနာများသည် သည်ထက်လည်း ပိုနိုင်သည်။ သို့သော် ပြဿနာရှိပါက ဖြေရှင်းရန် ကြိုးစားရမည်။ စိုက်ခင်းများတွင် ရေမလုံလောက်ပါက အချိန်မီ ရေသွင်းခြင်း၊ ရေများပါက အချိန်မီ ရေထုတ်ပေးနိုင်ခြင်းသည် စိုက်ပျိုးသီးနှံ ဖြစ်ထွန်းအောင်မြင်ရန် နည်းလမ်းဖြစ်သည်။ ရေ သွ င်း ရေ ထု တ် မြော င်း များ စနစ်တကျ ပြုလုပ်ထားသော စိုက်ခင်းနှင့် ရေသွင်း၊ရေထုတ်ခြင်း မြောင်းများမရှိသော စိုက်ခင်းတွင် ရိတ်သိမ်းနိုင်မည့် သီးနှံအထွက်နှုန်း၊ အရည်အသွေးတို့က ကွာခြားမည် ဖြစ်သည်။ အရည်အသွေး ကောင်းမွန်သောရေကို အသုံးပြုခြင်းက အန္တရာယ်ကင်းသော စိုက်ပျိုးရေး ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး၊ ကောင်းမွန်သောအစာကွင်းဆက်ဖြင့် ဂေဟစနစ်ကောင်းကို ဖန်တီးနိုင်မည်။ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ခေတ်မီ ရေသွင်း၊ ရေထုတ် နည်းစနစ်များ တပ်ဆင်အသုံးပြုခြင်းကလည်း စိုက်ပျိုးသီးနှံ အထွက်တိုးအောင်၊ အရည်အသွေးကောင်းအောင် ပြုပြင်ထုတ်လုပ်နိုင်မည်။ စိုက်နိုင်ပျိုးနိုင်ဖို့ သီးနှံအထွက်တိုးဖို့ ရေကို အကျိုးရှိအောင် သုံးစွဲတတ်ရန် စီမံခန့်ခွဲတတ်ရန် လိုအပ်နေပါသည်။

**ယင်းမာ(YAU)**

ကိုးကား

၁။ Hill, D. (2004). Introduction to Environmental Soil Physics. Elsevier Science , USA.

၂။ Lal, R. and M. K. Shukla. (2004). Principles of Soil Physics. The Ohio State University Columbus, Ohio, U.S.A.Marcel Dekker, Inc.

၃။ Ole Pedersen, Mikio Nakazono, Timothy David Colmer and Margret Sauter (2021). Regulation of root adaptive anatomical and morphological traits during low soil oxygen. New Phytologist, 229: 42–49

၄။ Sylvie M. Brouder* and Jeffrey J. Volenec (2008). Impact of climate change on crop nutrient and water use efficiencies. Physiologia Plantarum, 133: 705–724.

စာ-၁၄ မှ

ပြီး လတ်ဆတ်စွာ ခူးဆွတ်ကာ ရေဖြင့်သန့်စင်အောင်ဆေးကြောပြီး စားသုံးနိုင်၏။

- အသီးများကို အချဉ်ဖောက်ပြီး အိမ်လုပ်အသီးဝိုင်ထုတ်လုပ်သောက်သုံးနိုင်၏။

- လာအိုတွင် အရွက်များကို အသားကင်များနှင့်အတူ တွဲဖက်စားသုံးတတ်ကြပြီး လူကြိုက်များသော ဟင်းရွက် တစ်မျိုးဖြစ်၏။

- အချို့ဒေသများတွင် အရွက်များကို ခူးဆွတ်ပြီး အခြောက်ခံကာ ဆေးဖက်ဝင်အပင်ရေနွေးကြမ်း (Herbal Tea) အဖြစ် သောက်သုံးလေ့ရှိကြ၏။

သပြေချဉ်ပင်၏ထူထဲပြီး ရနံ့မွှေးသော အရွက်များကြောင့် လေထုညစ်ညမ်းမှုကို လျော့နည်းစေနိုင်ပြီး အရိပ်ကောင်းသော သစ်ပင် သို့မဟုတ် ခြံစည်းရိုးအလှဆင်ပင် အဖြစ် အသုံးပြုကြ၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် သပြေချဉ်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထိန်းသိမ်းရေးတို့ကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**

စာ-၁၃ မှ

သာ ဝင်ရောက်ပြီး တစ်ပိဿာ ၁၀၀၀ ကျပ်၊ မုံရွာချောင်းဦးမှ ငရုတ်စို (ရှည်) တစ်ပိဿာ ၆၀၀၀ ကျပ်၊ ငရုတ်စို (လတ်)တစ်ပိဿာ ၇၀၀၀ ကျပ်ဖြင့် ငပိထောင်း၊ လက်ဖက်သမားများ ဝယ်ယူမှု ပုံမှန်ရှိနေသည်။ ပန်းမုံလာတစ်ပွင့် ၁၂၀၀ ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၁၅၀၀ ကျပ်၊ မုန်ညှင်းဖြူတစ်ပိဿာ ၄၀၀၀ ကျပ်၊ မုံလာဥနီ တစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် စားသောက်ဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။

ဂျုံနှင့် အစေ့ထုတ်ပြောင်းဈေးကွက်

ဂျုံဈေးနှုန်းများ အနေဖြင့် ငါန်းဇွန်၊ မြို့သာ၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ၊ ရွှေဘို ဂျုံများ စစ်ကိုင်းဘက်မှ ဝင်ရောက်ပြီး ဂျုံစက်များ ပုံမှန်ဝယ်ယူမှုရှိပြီး ၃ တင်းတစ်အိတ် ၂၂၀၀၀၀ ကျပ်မှ ၂၃၀၀၀၀ ကျပ်ထိ အရည်အသွေးပေါ်မူတည် ရောင်းချမှုရှိသည်။ ဩစတေးလျဂျုံမှုန့်မှာ တစ်ပိဿာ ၃၇၅၀ ကျပ်ဖြင့် မုန့်လုပ်ငန်းသမားများ ပုံမှန် ဝယ်ယူနေသည်။ ရှမ်းဂျုံ အသစ်များဝင်ရောက်မှုရှိပြီး အဝင်နည်းအရည်အသွေးကောင်းခြင်းကြောင့် တစ်အိတ် ၁၇၅၀၀၀ကျပ်မှ ၁၈၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

အစေ့ထုတ်ပြောင်း အသစ်များ ဝင်ရောက်မှုရှိသော်လည်း အဝင်နည်းခြင်း၊ ထွက်ရှိရာဒေသသို့ တိုက်ရိုက်ဆင်း ဝယ်ယူမှုရှိခြင်းကြောင့် ပစ္စည်းကောင်းရှားခြင်း၊ အစာစပ်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ယခင်လ ၇၄၀၀၀ ကျပ်မှ ယခုလ ၈၁၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

**ခင်မေကြည်**



# သီးနှံပင်များစိုက်ပျိုးခြင်းနှင့် ရေပြဿနာ

ယင်းမာ(YAU)

သက်ရှိအပင်တိုင်း ရှင်သန်ကြီးထွားဖို့ရန် ရေက အရေးပါသည်။ အပင်ဇီဝကမ္မဖြစ်စဉ်တွင် ရေက အစာချက်လုပ်ဖို့ လိုအပ်သည်။ အပင်များထောင်မတ်ဖို့ ကူညီသည်။ ပင်ရည်ငွေ့ပျံခြင်းက မြေတွင်းရေစုပ်ယူဖို့ ထမ်းဆောင်ရသလို၊ ရေနှင့်အတူ အစာအာဟာရ သယ်ယူပို့ဆောင်ရေးကိုပါ ကူညီသည်။ ၎င်းအပြင် အပင်နားပတ်ဝန်းကျင်ကို အေးမြစေသည်။ အပင်စိုက်ပျိုးရာမြေတွင် ကောင်းမွန်သော အစိုဓာတ်ရှိခြင်းက အပင်စုပ်ယူသော ရေတွင် လိုအပ်သော အာဟာရများ ပျော်ဝင်စေသည်။ ၎င်းပျော်ဝင်ခြင်းက သီးနှံပင်များရှင်သန်ကြီးထွားဖို့ အားဖြစ်စေသည်။

စိုက်ပျိုးရာ မြေတွင်းရေကပင် အပင်နှင့် ပတ်ဝန်းကျင်၏ အပူချိန်ကိုလည်း ထိန်းညှိပြန်ပါသည်။ အပင်တို့၏ သဘာဝမှာ အမြစ်က မြေကိုထိုးဖောက်ပြီး ရေကိုရယူလိုစွမ်းရှိ၍ အညွန့်က အလင်းရောင်ရှိရာကို ထိုးဖောက်ပြီး အရွက်ဖြင့် အစာချက်လုပ်လိုစွမ်း ရှိသည်။

ရေဖြင့် အပင်တို့က အလင်းရောင်အကူအညီဖြင့် အရွက်တို့၌ အစာချက် လုပ်၍ ချက်လုပ်ပြီးသောအစာဖြင့် ကြီးထွားဖို့ စွမ်းအင် ပြောင်းလဲရာတွင် အောက်ဆီဂျင် အသုံးပြု၍ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထွက်ရှိရသည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံ ပင်များရှင်သန် ကြီးထွားဖို့ ရေက မရှိမဖြစ် လိုအပ်သည်။ ၎င်းရေ အသုံးပြုဖို့ စိုက်ပျိုးပင် ပတ်ဝန်းကျင်ကို အဆင်ပြေရန် ဖန်တီးပေးနိုင်လျှင် စိုက်ပျိုးသီးနှံပင်များ ဧကန်မုချ ရှင်သန်ကြီးထွားမည် ဖြစ်သည်။

သို့သော် စိုက်ပျိုးသီးနှံပင်များသည် လက်တွေ့၌ ရေနှင့် ပတ်သက်သော ပြဿနာပေါင်းစုံ ရင်ဆိုင်ရသည်။ ရေဝပ်ခြင်း၊ ရေလွှမ်းခံရခြင်းတို့သည် စိုက်ပျိုးပင်တို့ လိုအပ်သော ရေပမာဏနှင့်များသော ပြဿနာဖြစ်၍ ရေငတ်ခြင်းသည် ရေမလုံလောက်သော ပြဿနာဖြစ်သည်။

ထို့အပြင် ရေနှင့်ဆက်စပ်သော အခြားပြဿနာများကို စိုက်ပျိုးပင်အများစုက ရင်ဆိုင်ရသည်။ ရေဝပ်ခြင်းဆိုသည်မှာ သီးနှံပင်များ၏ အမြစ်ဖုံအတွင်း၌ မြေတွင်းရေ ပြည့်ဝနေခြင်းဖြစ်သည်။ ဤပြဿနာကို မြေပြင်ပေါ်တွင် မမြင်နိုင်ချေ။

ရေလွှမ်းခံရသည် ကိုတော့ လူအများစုက သတိပြုနိုင်သည်။ ဤအခြေအနေတွင် သီးနှံပင် အများစုက လိုအပ်သော အောက်ဆီဂျင် ပြတ်လပ်၍ စွမ်းအင်မထုတ်နိုင်သောကြောင့်၎င်း၊ ရေနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်တို့ ဓာတ်ပြုခြင်းကြောင့် အမြစ် ပတ်ဝန်းကျင်တွင် အဲသနောဒြပ်ပေါင်းများ စုပြုလာခြင်းကြောင့် အပင်များ၏ ဇီဝကမ္မဖြစ်စဉ်များ အပြောင်းအလဲဖြစ်ကာ အရွက်များ၊ ပင်စည်များ ညှိုးမည်းပျော့ပြောင်းလာပြီး နောက်ဆုံး၌ သေသွားသည်။

သီးနှံပင်အများစုသည် ၂၄ နာရီမှ ၄၈ နာရီတိုင်တိုင် ဤအခြေအနေကို ခံနိုင်ရည်မရှိပါ။ သီးနှံပင်မျိုးများအလိုက် ရေဝပ်ဒဏ်၊ ရေလွှမ်းဒဏ် ခံနိုင်ရည်ရှိမှုများ ကွဲပြားကြသည်။ ကြီးထွားမှု အဆင့်အလိုက်လည်း ခံနိုင်ရည်ရှိမှုက ကွဲပြားပြန်သည်။ သီးနှံပင်များ၏ ကြီးထွားမှုအဆင့်များကို မျိုးညောက်ဖောက်သည့်အဆင့်၊ ပျိုးပင်ငယ်အဆင့်၊ ပင်ပိုင်းကြီးထွားမှုအဆင့်၊ ပန်းပွင့်သည့်အဆင့်၊ အသီးတင်သည့်အဆင့်/ အစေ့အနှံတည်သည့်အဆင့်နှင့် ရိတ်သိမ်းသည့်အဆင့်ဟူ၍ ခွဲခြားနိုင်သည်။ ရေကြာရှည်ဝပ်ပါက မျိုးညောက်ဖောက်သည့်အဆင့်တွင်ပင် စိုက်ပျိုးပင်များရမည်ဟု မမျှော်လင့်နိုင်ပါ။ သီးနှံပင်များအများစုတွင် လေရှူမြစ်ထွက်သည့်အပင်၊ မရှိသည့်အပင် အရင်း၊ လေရှူမြစ် စတင်ဖြစ်ပေါ်သည့် အနေအထားအရင်း၊ ရေကြာရှည်ဝပ်ခြင်းကို ခံနိုင်ရည်ကွဲပြားသည်ဟု ဆိုကြသည်။ ရေကြိုက်ပင်များတွင် လေရှူမြစ်များက ရေပေါ်တွင် ရှိခြင်းကြောင့် ရေလွှမ်းသော်လည်း ရိတ်သိမ်းနိုင်သည်အထိ မျှော်လင့်နိုင်သည်။ လေရှူမြစ်သည် ကုန်းပေါ်တွင်ရှိပြီး ရေလွှမ်းအမြင့် ထက်တွင် တည်နေပါက ဤအဆင့်တွင်လည်း ရေဝပ်ဒဏ်၊ ရေလွှမ်းဒဏ်တို့ကို ခံနိုင်ရည် ရှိမည်။ ထို့ကြောင့် အခြားပြဿနာများမရှိပါက ရေလွှမ်းခြင်းကြောင့် အပင်များသေမည် မဟုတ်ပါ။ ဤအခြေအနေတွင် အထူးသဖြင့် အောက်ဆီဂျင်ရရှိရေးကသာ အရေးပါ၍ ရေလွှမ်းခြင်းကို စဉ်စားစရာ မလိုပါ။ မြေမဲ့စိုက်ပျိုးနည်း (အင်းလေးဒေသ ကျွန်းမျောစိုက်ပျိုးရေးလုပ်ငန်း၊ အာဟာရရေဖြင့်စိုက်ပျိုးနည်း)တွင် ဤအချက်ကို အဓိကထားပြီး ပြုလုပ် ဆောင်ရွက်ကြသည်။

အပင်များရေလိုအပ်ချိန်တွင် ရေမရပါက ရေငတ်ဒဏ်ခံစားရသည်။ ဆက်တိုက် ရေငတ်ဒဏ်ခံစားရပါက အပင်များကစတင်ညှိုးလာကာ ပင်စည် ပါ မ ထောင် မ တ် နိုင် တော့ ပဲ ထာဝရညှိုးကာ သေသွားတော့သည်။ ဤအခြေအနေတွင် အပင်တို့၏ အမြစ်ဖွဲ့စည်းပုံက မြေဆီလွှာအတွင်း ရေစုပ်ယူ အသုံးချနိုင်စွမ်းကို လွှမ်းမိုးသည်။

အမြစ်က မြေသားနက်နက်ဆင်းနိုင်လေလေ ရေငတ်ဒဏ်ခံနိုင်လေလေဖြစ်သည်။ ပြောင်းနှင့် နေကြာကို ယှဉ်တွဲစိုက်ထားပါက၊ ပြောင်းသည် မြေတွင်းရေ ၃၀ ရာခိုင်နှုန်း ဆုံးရှုံးသည့်အချိန်တွင် ညှိုးမှတ်ပြနေ၍ နေကြာမှာ ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နေကြာပင်က အမြစ်နက်နက်ဆင်းနိုင်၍ ဖြစ်သည်။

အပင်များသည် အစာချက်လုပ်ရန် ရေအများစုကို အမြစ်အားဖြင့် မြေတွင်းမှ စုပ်ယူသည်။ အနည်းစုကို လေရှူပေါက်များဖြင့် ရယူသည်။ ထို့ကြောင့် အမြစ်ဇုန်ဝန်းကျင်ရှိ မြေတွင်းရေအခြေအနေက အရေးပါသည်။ မြေဆီလွှာအတွင်း ဖြစ်တည်နေသော မြေတွင်းပေါက်များရှိ ရေကို မြေတွင်းရေဟု ခေါ်သည်။

မြေတွင်းပေါက်များကို တွင်းဝအချင်းအရွယ်အစားအရ မြေတွင်းပေါက် (ကြီး၊ လတ်၊ ငယ်) ဟူ၍ (၃) မျိုးခွဲခြားနိုင်သည်။ ကမ္ဘာ့ဆွဲအားကြောင့် မြေတွင်းပေါက်ကြီး၌ ရေက မတည်မြဲနိုင်ပါ။ အလယ်အလတ်နှင့် မြေတွင်းငယ်များ၌သာ ရေကတည်မြဲနေနိုင်သည်။ အပင်အမြစ်များသည် မြေတွင်း လတ်များရှိ ရေကိုသာ အလွယ်တကူ အသုံးပြု၊ စုပ်ယူနိုင်သည်။

မြေတွင်းပေါက်ငယ်များရှိ ရေကလည်း မြေမှုန်များ၏ဆွဲအားကြောင့် ၎င်းရေကို အပင်အမြစ်များက ခက်ခက်ခဲခဲ စုပ်ယူရပြန်သည်။ ထိုအခါ အစာချက်ရမည့်အစား ရေစုပ်ယူရန်သာ စွမ်းအင်ကို သုံးစွဲရသောကြောင့် အရွက်များ တဖြည်းဖြည်း အဝါရောင်ပြောင်းကာ ညှိုးလာသည်။ အပင်ကြီးများတွင် ရော်ဝါရွက်တို့ ကြွေကျသည်။ ရေငတ်သော ပြဿနာကို စိုက်ခင်းများတွင် ယေဘူယျအားဖြင့် နံနက် စောစောနှင့် ညနေနှောင်းပိုင်းတို့တွင် ဖော်ပြလေ့မရှိဘဲ ၉ - ၁၀ နာရီနောက်ပိုင်းတွင် အပင်ညှိုး မှုလက္ခဏာဖြင့် ဖော်ပြလေ့ရှိသည်။ ဘူး၊ ဖရုံ၊ သခွါး မျိုးဝင် အပင်များက ၎င်းတို့၏ အညွန့်ထောင်မတ်မှုကို ကြည့်ခြင်း

စာ-၁၅ သို့